# အဘိဓမ္မာ အနှစ်ချုပ်

- - - - - - - - - -

## အဘိဓမ္မာ၏ အခြေခံတရားများ

### (၁) အဘိဓမ္မ ဆိုသည်မှာ

အဘိဓမ္မ၏အဓိပ္ပါယ်မှာ ထူးခြားသောတရားဟု ဆိုလို၏။ ပညတ်တရားများကို ပယ်ရှား၍ အတွင်းအနှစ် ပရမတ္ထ အစစ်ဖြစ်သောကြောင့် ထူးခြားသည်။ (တခြားအဓိပ္ပါယ်နှင့်အဖွင့်များလည်းရှိ၏။) အဘိဓမ္မဟုခေါ်ဆိုရသော ပရမတ္ထတရားများကို အဓိကဟောကြားသည့် ဒေသနာနှင့် ကျမ်းစာများ ကိုလည်း "အဘိဓမ္မ" ဟုပင်ခေါ်သည်။ (အဋ္ဌသာလိနီကျမ်း၌ ဆိုသော တခြားအဓိပ္ပါယ်ကိုလည်းမှတ်ပါ။)

### (၂) အဘိဓမ္မ (၇)ကျမ်း

ပိဋကသည် ဝိနယ. သုတ္တန္တ. အဘိဓမ္မ. ဟု သုံးမျိုးရှိသည်၊ အဘိဓမ္မပိဋကကို ဖေါ်ပြပါ (၇) ကျမ်းဖြင့် ဖွဲ့စည်း၏။

(၁) ဓမ္မသင်္ဂဏီ (အဘိဓမ္မ (၇)ကျမ်း၏ အခြေခံတရားများကို စုစည်းရှင်းပြသည့်ကျမ်း)

(၂) ဝိဘင်္ဂ (ပရမတ္ထဓမ္မကို ခွဲခြားဖွင့်ဆို ရှင်းပြသည့်ကျမ်း)

(၃) ဓာတုကထာ (ဓာတုဆိုသည်မှာ ခန္ဓာစသောပရမတ္ထဓမ္မများကိုသာ ရည်ညွှန်း၏၊ ဤသို့ ပို၍အရာကျယ်သော ဓာတုများဖြင့်ဟောကြားအပ်သောကြောင့် ဓာတုကထာဟုအမည်ပေး ထားသည့်ကျမ်း)

(၄) ပုဂ္ဂလပညတ္တိ (ပညတ်ဖြင့်သာ သဘာဝတရားကို ရှင်းပြနိုင်ပုံကိုပြလို၍ ပုဂ္ဂလပညတ်အပါအဝင် ပညတ် ၆ - ပါး ခွဲခြားရှင်းပြသည့်ကျမ်း)

(၅) ကထာဝတ္ထု (ကထာမျိုးစုံနှင့် အငြင်းပွါးမှုကို ဖြေရှင်းဖေါ်ပြသည့်ကျမ်း)

(၆) ယမက . (ဉာဏ်ရည်ဉာဏ်သွေး မြင့်မားစေရန် အမေးအဖြေစသည် အစုံပြဟောကြား သည့်ကျမ်း)

(၇) ပဋ္ဌာန (အကြောင်းတရားတို့၏ သတ္တိကိုဖေါ်ပြ၍ အကြောင်းအကျိုးဆက်သွယ်ပုံကို အနန္တနယ ဖြင့် ရှင်းပြသည့်ကျမ်း)

### (၃)အဘိဓမ္မကျမ်း၌ ဟောအပ်သော ဓမ္မ ၂-မျိုး

အဘိဓမ္မ (၇) ကျမ်း၌ ဖေါ်ပြအပ်သော ဓမ္မများကို အနှစ်ချုပ်၍ ဖေါ်ပြရလျှင် နှစ်မျိုးသာရှိ၏။ နှစ်မျိုးမှာ -

(၁) ပညတ္တိဓမ္မ

(၂) ပရမတ္ထဓမ္မ ဟူ၍ဖြစ်သည်။

ပညတ္တိဆိုသည်မှာ တဖက်သားကိုသိအောင် ပြောပြအပ်သော စကားနှင့် အမှုအရာကိုလည်းကောင်း စကားဝေါဟာရနှင့်အမှုအရာတို့ဖြင့်သိရသော အရာဝတ္ထုအကြောင်းအရာကိုလည်းကောင်း ခေါ်ဆိုခြင်းဖြစ်၏။ ပညတ္တိသည် တကယ်ရှိသော အရာကိုဖြစ်စေ တကယ်မရှိသောအရာကိုဖြစ်စေ ရည်ညွှန်းပြောဆိုအပ်သော လူတို့၏ ဝေါဟာရ အရာဝတ္ထုနှင့် အကြောင်းအရာများသာ ဖြစ်၏။

ပရမတ္ထဆိုသည်မှာ အရင်းခံမူလသဘာဝ , ပဓာနအနက်သဘောကို ခေါ်သည်။ ပညတ္တိကိုဖယ်၍ ဉာဏ်ဖြင့်သာ သိရသောအရာကို ခေါ်သည်။

### ပရမတ္ထတရား ၄ - ပါး

များယွင်းမှုမရှိသော ထာဝရမှန်ကန်သောသဘာဝတရားကို "ပရမတ္ထ" ဟုလည်းကောင်း "သစ္စိကဋ္ဌ" ဟုလည်းကောင်း ခေါ်သည်။ ပရမတ္ထသည် တဆင့်ကြားဖြင့်သိရသောအရာမဟုတ်၊ ကိုယ်တိုင် ဉာဏ်ဖြင့်မျက်မှောက်ပြုနိုင် သိနိုင်သောတရားမျိုး သာတည်း။

ထိုပရမတ္ထတရားသည် ၄ - မျိုးရှိ၏။

(၁) စိတ္တ (စိတ်)

(၂) စေတသိက (စေတသိက်)

(၃) ရူပ (ရုပ်)

(၄) နိဗ္ဗာန (နိဗ္ဗာန်)

ထိုတွင် အာရုံကို သိတတ်သောတရားကို စိတ်ဟုခေါ်၏။

စိတ်နှင့်ဆက်စပ်လျက်သာဖြစ်သောတရား၊ စိတ်၌ဖြစ်သောတရား၊ စိတ်ကိုမှီ၍သာဖြစ်သောတရားကို စေတသိက်ဟု ခေါ်၏။

ဆန့်ကျင်ဖက်အကြောင်းကြောင့် ပြောင်းလဲတတ် ပျက်စီးတတ်သောတရားကို ရုပ်ဟု ခေါ်၏။

တဏှာမှ လွတ်မြောက်သောတရား . တဏှာမှ လွတ်မြောက်သဖြင့် တဏှာဦးဆောင်သည့် အကြောင်းတရားများသည် စုပေါင်းဖန်တည်းအပ်သော ရုပ်နာမ်သင်္ခတ တရားများမှ လွတ်မြောက်သောတရားကို နိဗ္ဗာန်ဟုခေါ်၏။

**ပရမတ္ထတရား**

| | | |
|---|---|---|
| (၁) စိတ် | နာမ် | သင်္ခတ |
| (၂) စေတသိက် | | |
| (၃) ရုပ် | ရုပ် | |
| (၄) နိဗ္ဗာန် | နာမရူပနိရောဓ | အသင်္ခတ |

---

# (၁) ရူပကဏ္ဍ

## (၁) ရူပသရူပ (ရုပ်တို့၏အရေအတွက်)

### ရူပအဓိပ္ပါယ်

(၁) ပါဠိဘာသာ "ရူပ" ကို မြန်မာဘာသာဖြင့် "ရုပ်" ဟု ခေါ်၏။ ပြောင်းလဲတတ် ပျက်စီးတတ်သောကြောင့် ရုပ်ဟုခေါ်၏။ ရုပ်သည် ဆန့်ကျင်ဖက်အကြောင်းနှင့် ဆုံမိသောအခါ ပုံသဏ္ဌာန်အရည်အချင်းပြောင်းလဲ ဖြစ်ပေါ်တတ်၏။

(၂) ရုပ်အမျိုးမျိုး

ရုပ်သည် ပြောင်းလဲပျက်စီးတတ်သော ရုပ္ပနလက္ခဏာအားဖြင့် ကွဲပြားမှုမရှိသော်လည်း နိဿယ . နိဿိတ . ဆောင်ရွက်မှုကိစ္စသည်အားဖြင့် အမျိုးမျိုးကွဲပြား၏။

ရှေးဦးစွာ နိဿယ နိဿိတ အားဖြင့် ရုပ် ၂ - မျိုးရှိ၏။

(၁) မဟာဘူတ

(၂) ဥပါဒါရုပ

ထိုတွင် မဟာဘူတ ရုပ်သည် ၄ - မျိုးရှိ၏။

(၁) ပထဝီ (မြေ)

(၂) အာပေါ (ရေ)

(၃) တေဇော (မီး)

(၄) ဝါယော (လေ)

မြေ၊ ရေ၊ မီး၊ လေ တို့သည် ထုထည်. အသွင်သဏ္ဌာန်. အရည်အချင်းအားဖြင့် ကြီးမားကျယ်ပြန့်စွာ ထင်ရှားဖြစ်ပေါ်တတ်သောကြောင့် အဆိုပါရုပ်များကို "မဟာဘူတ" ဟုခေါ်၏။ သဘာဝသက်သက်သာဖြစ်ပြီး သတ္တဇီဝမဟုတ်ကြောင်းသိသာစေရန် "ဓာတု" ဟူသောဝေါဟာရဖြင့် တွဲဖက် "ပထဝီဓာတု" စသည်သုံး၏။

မဟာဘူတရုပ်သည် အပြန်အလှန် မှီ၍ဖြစ်ခြင်း (နိဿိတ) မှီရာဖြစ်ခြင်း (နိဿယ)အားဖြင့် နိဿယ နိဿိတ ၂- မျိုးဖြစ်သော်လည်းဥပါဒါရုပ်တို့သည်မဟာဘူတ ၄ - မျိုးလုံးကိုအမြဲမှီ၍သာဖြစ်ကြ၏။အဆိုပါဥပါဒါရုပ်တို့သည်ဆောက်ချက်မူကိစ္စအားဖြင့် ၁၀ - မျိုး၊ အရေအတွက်အားဖြင့် ၂၄ - မျိုးရှိ၏။

| | |
|---|---|
| (၁) ပသာဒရုပ် | (၅) |
| (၂) ဂေါစရ (ဝိသယ)ရုပ် | (၄) |
| (၃) ဇီဝိတရုပ် | (၁) |
| (၄) အာဟာရရုပ် | (၁) |
| (၅)ဟဒယရုပ် | (၁) |
| (၆) ဘာဝရုပ် | (၂) |
| (၇) ပရိစ္ဆေဒရုပ် | (၁) |
| (၈) ဝိညတ္တိရုပ် | (၂) |
| (၉) ဝိကာရရုပ် | (၃) |
| (၁၀) လက္ခဏရုပ် | (၄) |

မှတ်ချက်။ ။ ဝိညတ်ရုပ် ၂ မျိုးကို ဝိကာရရုပ် ဟုလည်းခေါ်၏။ ဝိညတ္တိရုပ်နှစ်မျိုးပေါင်းထည့်လျှင် ဝိကာရရုပ် (၅) မျိုးဟုလည်း မှတ်ရ၏။ ဥပါဒါရုပ်နှင့်ဆိုင်သော ဂေါစရရုပ်သည် ၄ - မျိုးသာဖြစ်သော်လည်း ပထဝီ၊ တေဇော၊ ဝါယောဟူသော မဟာဘူတရုပ် ၃ - မျိုးကို "ဖောဋ္ဌဗ္ဗရုပ်" ဟုခေါ်၏။ ဖောဋ္ဌဗ္ဗရုပ် ၃ - မျိုးပေါင်းထည့်ပြီး ဂေါစရရုပ် ၇ - မျိုးဟုလည်းမှတ်ရ၏။

ပသာဒရုပ်

အာရုံကို ဖမ်းယူနိုင်စွမ်းရှိသော အကြည်ဓာတ်ကို "ပသာဒ" ဟုခေါ်၏။ ပသာဒ ရုပ်သည် ၅ - မျိုးရှိ၏။

(၁) စက္ခုပသာဒ (မျက်စိအကြည်)

(၂) သောတပသာဒ (နားအကြည်)

(၃) ဃာနပသာဒ (နှာခေါင်းအကြည်)

(၄) ဇိဝှါပသာဒ (လျှာအကြည်)

(၅) ကာယပသာဒ (ကာယအကြည်)

(၁) စက္ခုပသာဒရုပ်သည် မျက်နက်ဝန်းအလည်သန်းဦးခေါင်းပမာဏ ရှိ ပုံရိပ်ထင်ရာအရပ်၌ မျက်လွှာ ၇ - ထပ်ပြန့်နှံ့လျက် တည်၏။

(၂) သောတပသာဒရုပ်သည် နားအံအတွင်း လက်စွပ်ကွင်းသဏ္ဍာန်ဝန်းရံလျက်အမွေးနုပေါက်ရာအရပ်၌ တည်၏။

(၃) ဃာနပသာဒရုပ်သည် နှာခေါင်း၏အတွင်း ဆိတ်ခွါသဏ္ဍာန် အသားဆိုင်ရှိရာအရပ်၌တည်၏။

(၄) ဇိဝှါပသာဒရုပ်သည် လျှာ၏အလယ်ကြာပွင့်ဖတ်အဖျားသဏ္ဍာန်ရှိအရပ်၌ တည်၏။

(၅) ကာယပသာဒရုပ်သည် (ကမ္မဇတေဇော၏ တည်ရာအရပ်. ဆံပင်ဖျား. မွေးညှင်းဖျား. လက်သဲခြေသဲဖျား. သွေးသားမစပ်ခြောက်ကပ်သောအရေတို့မှတပါး) ကိုယ်ကာယအနှံ့ တည်၏။

ဂေါစရရုပ်

ဝက္ခုဝိညာဏ်ဝသောစိတ်တို့၏ ကျက်စားရာအာရုံဖြစ်သောကြောင့် "ဂေါစရ (ဝိသယ)" ဟုခေါ်၏။ ဂေါစရရုပ်သည် အမျိုးအစား၅-မျိုးရှိ၍ ရုပ်အရေအတွက် ၇-မျိုးရှိ၏။

(၁) ရူပ (ဝဏ္ဏ) (အဆင်း)

(၂) သဒ္ဒ (အသံ)

(၃) ဂန္ဓ (အနံ့)

(၄) ရသ (အရသာ)

(၅) ဖောဋ္ဌဗ္ဗ (ပ၊ တေ၊ ဝါ) (အထိအတွေ့)

ဤ၌ "ဖောဋ္ဌဗ္ဗ" ထိတွေ့အပ်သော အာရုံသည် အပျော့အမာ. အပူအအေး. တွန်းကန်လှုပ်ရှား သဘာဝများ ဖြစ်သောကြောင့် ပထဝီ. တေဇော. ဝါယော ခေါ် မဟာဘုတ ၃-မျိုးကိုပင်ခေါ်သည်။ ယိုစီးခြင်း . စုစည်းခြင်း တို့မှာ အာပေါ၏ သဘာဝဖြစ်၍ အဆိုပါသဘာဝများကို စိတ်ဖြင့်သာ သိနိုင်၏။ ကိုင်တွယ်ထိတွေ့၍ သိရသောအရာမဟုတ်သဖြင့် "ဖောဋ္ဌဗ္ဗ" အာရုံတွင် မပါဝင်ဟု မှတ်။

ဇီဝိတရုပ်

ကမ္မဇရုပ်များ ရှင်သန်နေအောင် စောင့်ရှောက်နိုင်သောကြောင့် "ဇီဝိတ (အသက်)" ဟု ခေါ်၏။ ဤဇီဝိတရုပ်သည် ဝမ်းမီး (ပါစကတေဇော) အပါအဝင် ဥပါဒိန္နကာယ တကိုယ်လုံး ပြန့်နှံ့လျက် တည်ရှိ၏။

အာဟာရရုပ်

ဆောင်သွင်းအပ်သောကြောင့် (အာဟာရီယတိ). အကျိုးဖြစ်သောရုပ်ကိုဆောင်ယူတတ်. ဖြစ်စေတတ်သောကြောင့် (ရူပံ ဝါ အာဟာရတိ) အာဟာရ ဟုခေါ်၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းများသို့ ပြန့်နှံ့သော အရည်၏အနှစ်သာရဖြစ်သော အထောက်အကူခွန်အားကို ဖြစ်စေတတ်သော မဟာဘုတကိုမှီသောဝိသေသဓာတ်အားသည် "ဩဇာ" မည်၏ (မူလဋီကာ)။ ရသာကြောမှတဆင့် ပြန့်နှံ့စိမ့်ဝင်သော အာဟာရ၏ အနှစ်. အတွင်းအာဟာရရုပ်၏ အထောက်အကူဖြစ်သော အဆီအနှစ် (ယင်းအဆီအနှစ်ကိုပင်ရသဓာတ်ဟုခေါ်၏) သည် ဩဇာမည်၏။ အဆိုပါဩဇာ ကိုပင် ဤ၌ အာဟာရရုပ်ဟုခေါ်၏။

ဟဒယရုပ်

မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောရုပ်သည် ဟဒယရုပ် မည်၏။ ဤ၌ ဟဒယ ဆိုသည်မှာ "စိတ် နှလုံး" ကိုဆိုလို၏။ ဤရုပ်သည် နှလုံးအိမ်၏အတွင်းရှိ "ပသတ" ထက်ဝက်ခန့်ပမာဏရှိသွေးကို မှီ၍ ဖြစ်၏။ (ပသတ = တစ်လက်ဖက်၊ တစ်လက်ဆုပ်။ = လက်ဖဝါးကိုလှန်ပြီးတွန့်ခွက်ထားသည့်အတွင်း၌တည်ရှိသောအရည်ပမာဏခန့်)

ဘာဝရုပ်

အဖိုအမ ဝေါဟာရ နှင့် အသိစိတ်တို့၏ အကြောင်းဖြစ်သောကြောင့် "ဘာဝ" ဟုခေါ်၏။ ဘာဝရုပ်သည် ၂-မျိုးရှိ၏။

(၁) ဣတ္ထိဘာဝရုပ် ("မ" ဟု သိကြောင်းရုပ်)

(၂) ပုမ္ဘာဝ ရုပ် ("ဖို" ဟု သိကြောင်းရုပ်)

ဘာဝရုပ် ၂-မျိုးသည် ကိုယ်ကာယအနံ့ ပြန့်လျက် တည်ရှိ၏။

ပရိစ္ဆေဒရုပ်

ရူပကလာပ တစ်ခုနှင့်တစ်ခု ရောနှောပေါင်းစပ်ခြင်းမရှိစေရန် အပိုင်းအခြားပြုသောကြောင့် ပရိစ္ဆေဒရုပ်ဟု ခေါ်၏။ ရူပကလာပ (ရုပ်အစု)တို့၏ အကြားဖြစ်သော အာကာသဓာတ်ကိုပင် ခေါ်သည်။ မဟာဘုတရုပ် ၄-မျိုးတို့နှင့် မထိမပ်သော အကြားအရပ်သည် ရုပ်မဟုတ်သော်လည်း ရုပ်ဟုပင် ရေတွက်ရသော အရာဖြစ်၏။

ဝိညတ္တိရုပ်

မိမိ၏ဆန္ဒကို တစ်ဖက်သားအား သိစေတတ်သောကြောင့် ဝိညတ်ရုပ် ဟု ခေါ်၏။ ဝိညတ်ရုပ်သည် ၂-မျိုးရှိ၏။

(၁) ကာယဝိညတ္တိ (ကာယဖြင့် သိစေခြင်း)

(၂) ဝစီဝိညတ္တိ (နှုတ်မြွက်ပြောဆိုသံဖြင့်သိစေခြင်း)

ကိုယ်အမူအရာလှုပ်ရှားမှုဖြင့် တစ်ဖက်သားကို မိမိဆန္ဒဖော်ပြသိစေခြင်း (sign language) ကို ကာယဝိညတ်ဟု ခေါ်၏။ နှုတ်မြွက်ပြောဆိုသံကို ဝစီဝိညတ် ဟု ခေါ်၏။ ဝစီဝိညတ်နှင့် သဒ္ဒရုပ်တို့သည် တွဲဖက်နေ၏။

ဝိကာရရုပ်

ရုပ်တို့၏ ထူးခြားသည့် အခြင်းအရာတစ်မျိုးကိုပင် ဝိကာရရုပ်ဟုခေါ်၏။ ဝိကာရရုပ်သည် ဝိညတ်ရုပ် ၂-မျိုးကိုပင် ပေါင်းထည့်သော် ၅-မျိုးရှိ၏။

(၁) ကာယဝိညတ္တိ (ကာယဖြင့်သိစေခြင်း)

(၂) ဝစီဝိညတ္တိ (နှုတ်သံဖြင့်သိစေခြင်း)

(၃) လဟုတာ (ပေါ့ပါးမှု)

(၄) မုဒုတာ (နူးညံ့မှု)

(၅) ကမ္မညတာ (လုပ်ဆောင်နိုင်မှု)

ပေါ့ပါးမှု . နူးညံ့မှု . လုပ်ဆောင်နိုင်မှုတို့သည် လေးလံမှု . တောင့်တမှု . မလုပ်ဆောင်နိုင်မှုတို့နှင့် မတူထူးခြား၏။ စိတ် . ဥတု . အာဟာရ အကြောင်းတစ်မျိုးမျိုးကြောင့် ရုပ်၏ အခြေအနေထူးခြားမှုဖြစ်သောကြောင့် ရုပ်ဟုခေါ်၏။

လက္ခဏရုပ်

ရုပ်၏ အမှတ်အသား လက္ခဏာဖြစ်သောကြောင့် လက္ခဏရုပ်ဟုခေါ်၏။ လက္ခဏရုပ်သည် ၄-မျိုးရှိ၏။

(၁) ဥပစယ (ရုပ်၏စတင်ဖြစ်မှု)

(၂) သန္တတိ (ရုပ်၏ဆက်လက်ဖြစ်မှု)

(၃) ဇရတာ (ရုပ်၏ရင့်ရော်မှု)

(၄) အနိစ္စတာ (ရုပ်၏မမြဲမှု ပျက်စီးမှု)

ဤ၌ ဥပစယ၊ သန္တတိ ၂-မျိုးကို ပေါင်း၍ "ဇာတိရုပ်" ဟုလည်းခေါ်၏။

## ၂- ရူပဝိဘာဂ

## ရုပ်တို့ကို မျိုးတူရာ ခွဲခြင်း

### (၁) တမျိုးတည်းဖြစ်ခြင်း

ရုပ်ဟုသမျှသည် (၁) အဟေတုက (ဟေတုနှင့်မယှဉ်ခြင်း) နှင့် သဟေတုက (ဟေတုနှင့်ယှဉ်ခြင်း) ၂-မျိုးတွင်

အပေတုက (ပေတုနှင့်တွဲဖက်၍မဖြစ်ခြင်း) တစ်မျိုးသာတည်း။

(၂) သပ္ပစ္စယ (အကြောင်းရှိခြင်း) အပ္ပစ္စယ (အကြောင်းမရှိခြင်း) ၂-မျိုးတွင် သပ္ပစ္စယ တစ်မျိုးသာတည်း။

(၃) သာသဝ (အာရုံပြုဖြစ်သည့်အာသဝရှိခြင်း) အနာသဝ (အာရုံပြုဖြစ်သည့်အာသဝမရှိခြင်း) ၂-မျိုးတွင် သာသဝ တစ်မျိုးသာတည်း။

(၄) သခံတ (အကြောင်းတရားများကစုပေါင်းဖန်တည်းထားခြင်း) အသခံတ (ထိုသို့မဟုတ်ခြင်း) ၂-မျိုးတည်း။ သခံတ တစ်မျိုးသာတည်း။

(၅) လောကိယ (လောက၌ပါဝင်ခြင်း) လောကုတ္တရ (လောကကိုလွန်မြောက်ခြင်း) ၂-မျိုးတွင် လောကိယ တစ်မျိုးသာတည်း။

(၆) ကာမာဝစရ (ကာမတဏှာ၏နယ်ပယ်၌ဖြစ်ခြင်း) ရူပါဝစရ (ရူပတဏှာ၏နယ်ပယ်၌ဖြစ်ခြင်း) အရူပါဝစရ (အရူပတဏှာ၏နယ်ပယ်၌ဖြစ်ခြင်း) ၃-မျိုးတွင် ကာမာဝစရတစ်မျိုးသာတည်း။

(၇) သာရမ္မဏ (အာရုံရယူမှုဖြစ်ခြင်း) အနာရမ္မဏ (အာရုံကိုမရယူပဲဖြစ်ခြင်း) ၂-မျိုးတွင် အနာရမ္မဏ တစ်မျိုးသာတည်း။

(၈) ပဟာတဗ္ဗ (ပယ်အပ်သောတရားဖြစ်ခြင်း) အပ္ပဟာတဗ္ဗ (ပယ်အပ်သောတရားမဟုတ်ခြင်း) ၂-မျိုးတွင် အပ္ပဟာတဗ္ဗ တစ်မျိုးသာတည်း။

### နှစ်အုပ်စုခွဲခြင်း

| | | | |
|---|---|---|---|
| (၁) | အဝိနိဗ္ဘောဂ | (ခွဲခြားမရ) | ဝိနိဗ္ဘောဂ (ခွဲခြားလို့ရ) |
| (၂) | အဇ္ဈတ္တိက | (အတွင်း) | ဗာဟိရ (အပြင်) |
| (၃) | ဝတ္ထု | (စိတ်၏မှီရာ) | အဝတ္ထု (မှီရာမဟုတ်) |
| (၄) | ဒွါရ | (စိတ်၏တံခါး) | အဒွါရ (တံခါးမဟုတ်) |
| (၅) | ဣန္ဒြိယ | (ဆိုင်ရာကိစ္စ၌အစိုးရ) | အနိန္ဒြိယ (အစိုးမရ) |
| (၆) | ဩဠာရိက | (အကြမ်း) | သုခုမ (အနု) |
| (၇) | သန္တိကေ | (အနီး) | ဒူရေ (အဝေး) |
| (၈) | သပ္ပဋိဃ | (ထင်ဟပ်မှုရှိ) | အပ္ပဋိဃ (ထင်ဟပ်မှုမရှိ) |
| (၉) | ဥပါဒိန္န | (ကံ၏အကျိုး) | အနုပါဒိန္န (ကံ၏အကျိုးမဟုတ်) |
| (၁၀) | သနိဒဿန | (မြင်မှုရှိ) | အနိဒဿန (မြင်မှုမရှိ) |
| (၁၁) | ဂေါစရဂ္ဂါဟက | (အာရုံကိုဖမ်းယူ) | အဂေါစရဂ္ဂါဟက (အာရုံဖမ်းယူမှုမရှိခြင်း) |
| (၁၂) | နိပ္ဖန္နရုပ် | (အကြောင်းတရားများဖြစ်စေအပ်) | အနိပ္ဖန္နရုပ် (ထိုသို့မဖြစ်စေအပ်) |
| (၁၃) | သဘာဝ | (ကိုယ်ပိုင်သဘာဝရှိ) | အသဘာဝ |
| (၁၄) | သလက္ခဏ | (ကိုယ်ပိုင်လက္ခဏာရှိ) | အသလက္ခဏ |
| (၁၅) | ရူပရူပ | (တကယ့်ရုပ်၊ ရုပ်အစစ်) | နရူပရူပ |
| (၁၆) | သမ္မသနရူပ | (ဝိပဿနာဉာဏ်ဖြင့်သုံးသပ်လို့ရ) | နသမ္မသနရူပ |

(၁) အဝိနိဗ္ဘောဂရုပ် သည် ၈-မျိုးရှိ၏။ မဟာဘူတ ၄-ခု၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ (၄) ဤရုပ် ၈-မျိုးသည် အမြဲပေါင်းစပ်နေ၏။ အရည်အသွေးမပျက် တစ်ခုစီခွဲထုတ်၍ မရသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏။ ကြွင်းကျန်သည့် ရုပ် ၂၀-သည် ခွဲထုတ်၍ရသောကြောင့် ဝိနိဗ္ဘောဂရုပ်မည်၏။

(၂) ပသာဒရုပ်၅-မျိုးသည် ခန္ဓာကိုယ်အတွက်အရေးပါသောကြောင့် အဇ္ဈတ္တိက၊ တနည်း စိတ်၏တံခါးပေါက်

ဖြစ်ပြီး စိတ်ဖြစ်မှုနှင့်ဆက်စပ်နေသောကြောင့် အဇ္ဈတ္တိက ဟုမည်၏။ ကြွင်းကျန်သည့် ရုပ် ၂၃ - မျိုးသည် ဗာဟိရရုပ်မည်၏။

(၃) ပသာဒရုပ်နှင့်ဟဒယရုပ်၊ ပေါင်းရုပ်၆ - မျိုးသည် စိတ်၏မှီရာဖြစ်သောကြောင့် ဝတ္ထုရုပ်မည်၏။ ကြွင်းကျန်သည့် ရုပ် ၂၂ - မျိုးသည် အဝတ္ထုရုပ်မည်၏။

(၄) ပသာဒရုပ်၅ - မျိုးနှင့်ဝိညတ်ရုပ် ၂ - မျိုး၊ ပေါင်းရုပ်၇ - မျိုးသည် စိတ်၏တံခါးဖြစ်သောကြောင့် ဒွါရရုပ်မည်၏။ ကြွင်းကျန်သော ရုပ် ၂၁ - မျိုးသည် အဒွါရရုပ်မည်၏။

(၅) ပသာဒရုပ်၅ - မျိုး၊ ဘာဝရုပ် ၂ - မျိုးနှင့် ဇီဝိတရုပ်၊ ပေါင်းရုပ်၈ - မျိုးတို့သည် ဆိုင်ရာကိစ္စ၌ အစိုးရသောကြောင့် ဣန္ဒြိယရုပ်မည်၏။ ကြွင်းကျန်သည့် ရုပ် ၂၀ - မျိုးသည် အနိန္ဒြိယရုပ်မည်၏။

(၆၊ ၇၊ ၈) ပသာဒရုပ်၅ - မျိုး၊ ဝိသယ(ဂေါစရ)ရုပ်၇ - မျိုး၊ ပေါင်းရုပ် ၁၂ - မျိုးတို့သည် သိသာကြောင့် ဩဠာရိက. သိသာသဖြင့် အနီးဟု ဆိုရသောကြောင့် သန္တိကေ. ထင်ဟပ်မှု တိုက်ခိုက်မှုရှိသောကြောင့် သပ္ပဋိဃ မည်၏။ ကြွင်းကျန်သည့်ရုပ်၁၆ - မျိုးသည် သိမ်မွေ့သောကြောင့် သုခုမ၊ သိမ်မွေ့သည့်အတွက် ဝေးသည်ဟု ဆိုရသောကြောင့် ဒူရေ၊ ထင်ဟပ်မှု ထိခတ်မှု မရှိသောကြောင့် အပ္ပဋိဃမည်၏။

(၉) ကမ္မဇရုပ် ၁၈ - မျိုးသည် ဥပါဒိန္နရုပ်မည်၏။ ကြွင်းကျန်သည့် ရုပ် ၁၀ - မျိုးသည် အနုပါဒိန္နရုပ်မည်၏။

(၁၀) စက္ခုဝိညာဏ်စိတ်၏ အာရုံဖြစ်သော ရူပ (ဝဏ္ဏ) ရုပ်သည် မြင်သိရမှုရှိသောကြောင့် သနိဒဿနရုပ်မည်၏။ ကြွင်းကျန်သည့် ရုပ် ၂၇ - မျိုးသည် အနိဒဿနရုပ်မည်၏။

(၁၁) ပသာဒရုပ်၅ - မျိုးသည် ဆိုင်ရာအာရုံကို ဖမ်းယူနိုင်သောကြောင့် ဂေါစရဂ္ဂါဟကရုပ်မည်၏။ ကြွင်းကျန်သည့်ရုပ် ၂၃ - မျိုးသည် အဂေါစရဂ္ဂါဟကရုပ်မည်၏။

မှတ်ချက်။ ။စက္ခုပသာဒရုပ်သည် ပုံရိပ်ကိုသာ ဖမ်းယူ၏။ ပကတိဝတ္ထုသည် စက္ခုပသာဒတွင်းသို့ဝင်ရောက်လာခြင်းမရှိ၊ ထိုသို့ဝင်ရောက်လာခြင်းမရှိသော အာရုံကိုသာ ဖမ်းယူသောကြောင့် အသမ္ပတ္တဂေါစရဂ္ဂါဟကရုပ်မည်၏။ သောတပသာဒရုပ်သည် ကြားနိုင်သည့် အကွာအဝေးရှိ အသံကို မိမိသို့မရောက်မီ ဖမ်းယူနိုင်သောကြောင့် အသမ္ပတ္တဂေါစရဂ္ဂါဟကရုပ်မည်၏။ ဃာန. ဇိဝှါ. ကာယ ပသာဒရုပ်များသည် မိမိသို့ ရောက်ရှိထိတွေ့သော အာရုံများကိုသာ ဖမ်းယူသောကြောင့် သမ္ပတ္တဂေါစရဂ္ဂါဟကရုပ်မည်၏။

(၁၂) ဘူတရုပ် - ၄၊ ပသာဒရုပ် - ၅၊ ဂေါစရ(ဝိသယ) ရုပ် - ၄၊ ဇီဝိတ၊ ဟဒယ၊ အာဟာရ၊ ဘာဝရုပ် - ၂။ ဤရုပ် ၁၈ - မျိုးသည် အကြောင်းတရားတို့က တိုက်ရိုက်ဖြစ်စေအပ်သောကြောင့် နိပ္ဖန္နရုပ်မည်၏။ ကြွင်းကျန်သည့်ရုပ် ၁၀ - မျိုးသည် ထိုသို့မဟုတ်၊ ရုပ်နှင့်ဆက်စပ်နေသဖြင့်သာ ရုပ်ခေါ်ရသောကြောင့် အနိပ္ဖန္နရုပ်မည်၏။

(၁၃ - ၁၆) နိပ္ဖန္နရုပ် ၁၈ - မျိုးသည်ပင် ကိုယ်တိုင်သဘာဝရှိသောကြောင့် သဘာဝရုပ်၊ ထိုသို့မဟုတ်သောကြောင့် အသဘာဝရုပ်၊
ကိုယ်တိုင်လက္ခဏာရှိသောကြောင့် သလက္ခဏရုပ်၊ ထိုသို့မဟုတ်သောကြောင့် နသလက္ခဏရုပ်၊
တကယ်ရုပ်အစစ်ဖြစ်သောကြောင့် ရူပရူပရုပ်၊ ထိုသို့မဟုတ်သောကြောင့် နရူပရူပရုပ်၊
ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်လို့ရသောကြောင့် သမ္မသနရုပ်၊ ထိုသို့မဟုတ်သောကြောင့် နသမ္မသနရုပ်မည်၏။

## ၃ - ရူပသမုဋ္ဌာန

### အကြောင်းတရားများဖြင့်ရုပ်ခွဲခြားခြင်း

ရုပ်တရားတို့သည် အကြောင်းမဲ့ဖြစ်ကြသည်မဟုတ်၊ ဆိုင်ရာအကြောင်းတရားများ၏ ထုတ်လုပ်မှုဖြစ်စေမှုကြောင့်သာဖြစ်လာကြ၏။ ရုပ်ကိုဖြစ်စေနိုင်သည့်အကြောင်းတရားသည် ၄ - မျိုးရှိ၏။

(၁) ကမ္မ (ကာမရူပကုသိုလ်အကုသိုလ်ကံ ၂၅ - ပါး)

(၂) စိတ္တ (စိတ် ၇၅ - ပါး)

(၃) ဥတု (တေဇောရုပ်)

(၄) အာဟာရ (ဩဇာရုပ်)

ဤ၌ ကံနှင့်စိတ်တို့သည် နာမ်တရား၊ ဥတုနှင့်အာဟာရတို့က ရုပ်တရားများဖြစ်သည်။

(၁) အကုသိုလ်ကံ ၁၂ - မျိုး ၊ ကာမာဝစရကုသိုလ်ကံ ၈ - မျိုး ၊ ရူပါဝစရကုသိုလ်ကံ ၅ - မျိုး အားဖြင့် ၇ုပေါင်းကံ ၂၅မျိုးသည် ကမ္မဇရုပ်များကိုဖြစ်စေ၏။ ထိုသို့ဖြစ်စေရာ၌ သက်ရှိသတ္တဝါတို့၏သန္တာန်မှာ ပဋိသန္ဓေဥပါဒ်ခဏမှစတင်ပြီး စိတ်၏ဥပါဒ်ဌီဘင်ခဏတိုင်းမှာ အစဉ်မပြတ်ဖြစ်စေ၏။ နောက်ဆုံးထုတ်လုပ်အပ်သော ကမ္မဇရုပ်သည် စုတိစိတ်၏ ဘင်ခဏနှင့်ပြိုင်တူချုပ်၏။

(၂) ဒွိပဉ္စဝိညာဏ်စိတ် (၁၀) ,အရူပဝိပါက်စိတ် ၄ - မျိုး၊ ပေါင်း ၁၄မျိုးသော စိတ်မှတပါး ကျန်စိတ် ၇၅ - မျိုးသည် စိတ္တဇရုပ်တို့ကို ဖြစ်စေ၏။ ထိုသို့ဖြစ်စေရာ၌ မိမိစိတ်ဖြစ်လျှင်ဖြစ်ခြင်း စိတ်၏ဥပါဒ်ခဏတိုင်းမှာ တစ်ဘဝအတွင်း ပဌမဘဝင်စိတ်မှ စတင်ဖြစ်စေ၏။

စိတ်က စိတ္တဇရုပ်ကိုဖြစ်စေရာ၌ ဤသို့ခွဲခြားမှတ်သားနိုင်၏။

(၁) ပဉ္စဒွါရာဝဇ္ဇန်း (၁) သမ္ပဋိစ္ဆိုင်း (၂) သန္တီရဏ (၃) မဟာဝိပါက် (၈) ရူပါဝစရဝိပါက် (၅) ၊ စုစုပေါင်း ဤစိတ် ၁၉ - မျိုးသည် စိတ္တဇရုပ်သက်သက်ကိုသာ ဖြစ်စေ၏။ (တစ်မျိုး)

(၂) အပ္ပနာဇောစိတ် ၂၆ - မျိုးသည်စိတ္တဇရုပ်ကိုဖြစ်စေသည့်အပြင် ဣရိယာပုထ်ကိုလည်းနိုင်မာစေ၏။ (၂မျိုး)

(၃) ဝုဋ္ဌောစိတ် (၁) ကာမဇောစိတ် (၂၉) အဘိညာဉ်ဇောစိတ် (၂) ၊ စုစုပေါင်း ဤစိတ် ၃၂ - မျိုးသည် စိတ္တဇရုပ်ကို ဖြစ်စေ၏။ ဣရိယာပုထ်ကို နိုင်မာစေ၏။ ကာယဝိညတ် ဝစီဝိညတ်ကိုလည်း ဖြစ်စေ၏။ (၃ - မျိုး)

(၄) ကာမာဝစရသောမနဿဇော ၁၃ - မျိုးသည် အဆိုပါ ၃ - မျိုးအပြင် ရယ်မောခြင်းကိုပါ ဖြစ်စေ၏။ (၄ - မျိုး)

(၅) ဒေါမနဿဇောစိတ် ၂ - မျိုးသည် ဝမ်းနည်းခြင်း ငိုယိုခြင်းကိုပါ ဖြစ်စေ၏။ (၄ - မျိုး)

(၃) ဥတုဆိုသည်မှာ အပူအအေး ဟုဆိုရသော တေဇောဓာတ်ကို ခေါ်သည်။ အဆိုပါဥတုသည် မိမိ၏ ဌီခဏ၌ သက်ရှိသန္တာန် သက်မဲ့သန္တာန် ၂ - မျိုးမှာ ဥတုဇရုပ်ကိုဖြစ်စေ၏။

(၄) အာဟာရဆိုသည်မှာ ဩဇရုပ်ကိုခေါ်သည်၊ အဆိုပါ အာဟာရသည် စားမျိုးပြီး နောက် ဌီခဏ၌ အာဟာရဇရုပ်ကို ဖြစ်စေ၏။

### အကြောင်းတရားနှင့်ရုပ်များကိုတွဲဖက်ခြင်း

#### (၁) ကမ္မဇရုပ် ၁၈ - မျိုး

(က) ပသာဒ ရုပ် ၅ - မျိုး၊ ဘာဝ ရုပ် ၂ - မျိုး၊ ဟဒယ ရုပ် ၁ - မျိုး၊ ဇီဝိတ ရုပ် ၁ - မျိုးအားဖြင့် ဤရုပ် ၉ - မျိုးသည် ကံကြောင့်သာဖြစ်၏။

(ခ) အဝိနိဗ္ဘောဂ ရုပ် ၈ - မျိုး ၊ အာကာသဓာတ် ၁ - မျိုး ဤရုပ် ၉ - မျိုးသည် ကံကြောင့် လည်းဖြစ်၏။ အခြားအကြောင်းများကြောင့်လည်းဖြစ်၏။ နှစ်ရပ်ပေါင်းသော် ကမ္မဇရုပ် ၁၈ - မျိုးဖြစ်၏။

### (၂) စိတ္တဇရုပ် ၁၅-မျိုး

(က) ဝိညတ်ရုပ် ၂ခုသည် စိတ်ကြောင့်သာ ဖြစ်၏။

(ခ) သဒ္ဒရုပ်သည် စိတ်.ဥတု ၂-မျိုးကြောင့်ဖြစ်၏။

(ဂ) လဟုတာစသော ဝိကာရရုပ်၃-မျိုးသည် စိတ်.ဥတု.အာဟာရ၃-မျိုးကြောင့်သာ ဖြစ်၏။

(ဃ) အဝိနိဗ္ဘောဂ ရုပ်နှင့် အာကာသဓာတ်၊ ဤ၉-မျိုးသည် ကံ စိတ် ဥတု အာဟာရ အကြောင်း ၄မျိုး ကြောင့် ဖြစ်၏။ အားလုံးပေါင်းလျှင် ဤရုပ်၁၅-မျိုးသည် စိတ်ကြောင့်ဖြစ်သော စိတ္တဇ ရုပ်တည်း။

### (၃) ဥတုဇ ရုပ် ၁၃-မျိုး

သဒ္ဒ၊ ဝိကာရရုပ်(၃)၊ အကြောင်း၄-မျိုးကြောင့်ဖြစ်သော ရုပ်၉-မျိုး။ စုစုပေါင်း ဤ၁၃-မျိုးသည် ဥတု ကြောင့်ဖြစ်သော ဥတုဇရုပ်တည်း။

### (၄) အာဟာရဇရုပ် ၁၂-မျိုး

ဝိကာရရုပ်၃-မျိုး၊ အကြောင်း၄-မျိုးကြောင့်ဖြစ်သော ရုပ်၉-မျိုးအားဖြင့် ဤရုပ်၁၂-မျိုးသည် အာဟာရ ကြောင့်ဖြစ်သော အာဟာရဇရုပ်တည်း။

## ၄-ရူပကလာပ

### ရုပ်များကို အကြောင်းအလိုက်အစုဖွဲ့ခြင်း

ရုပ်များကို အကြောင်းတရားတူရာအလိုက် အစုဖွဲ့ခြင်းကို ရူပကလာပ ဟုခေါ်၏။ ထိုသို့ရုပ်များကို အစုဖွဲ့ရာ၌

(၁) ဧကုပ္ပါဒ (ဖြစ်ခြင်းတူခြင်း)

(၂) ဧကနိရောဓ (ဖြစ်တူချုပ်ပျောက်ခြင်း)

(၃) ဧကနိဿယ (မှီရာတူခြင်း)

(၄) သဟဝုတ္တိ (အတူပေါင်းစည်း တစ်စုတည်းဖြစ်ခြင်း)

ဤအင်္ဂါ ၄-ချက်နှင့်ညီရမည်။

### (၁) ကမ္မဇကလာပ် ၉-စည်း

(၁) ဇီဝိတနဝက (အဝိနိဗ္ဘောဂ + ဇီဝိတ)

(၂) စက္ခုဒသက (၉ + စက္ခု = ၁၀ - ခုအစု)

(၃) သောတဒသက (၉ + သောတ = ၁၀ - ခုအစု)

(၄) ဃာနဒသက (၉ + ဃာန = ၁၀ - ခုအစု)

(၅) ဇိဝှါဒသက (၉ + ဇိဝှါ = ၁၀ - ခုအစု)

(၆) ကာယဒသက (၉ + ကာယ = ၁၀ - ခုအစု)

(၇) ဣတ္ထိဘာဝဒသက (၉ + ဣတ္ထိဘာဝ = ၁၀ - ခုအစု)

(၈) ပုမ္ဘာဝဒသက (၉ + ပုမ္ဘာဝ = ၁၀ - ခုအစု)

(၉) ဝတ္ထုဒသက (၉ + ဟဒယဝတ္ထု = ၁၀ - ခုအစု)

### (၂) စိတ္တဇကလာပ် ၆ - စည်း

(၁) သုဒ္ဓဋ္ဌက (စိတ္တဇအဝိနိဗ္ဘောဂ ၈ - ခုအစု)

(၂) ကာယဝိညတ္တိနဝက (၈ + ကာယဝိညတ် = ၉ - ခုအစု)

(၃) ဝစီဝိညတ္တိဒသက (၈ + ဝစီဝိညတ် + သဒ္ဒ = ၁၀ - ခုအစု)

(၄) လဟုတာဒေကာဒသက (၈+ လဟုတာ - ၃ = ၁၁ - ခုအစု)

(၅) ကာယဝိညတ္တိလဟုတာဒိဒွါဒသက (၂နှင့် ၄ အပေါင်း ၁၂ - ခုအစု)

(၆) ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက (၃ နှင့် ၄ အပေါင်း ၁၃ - ခုအစု)

### (၃) ဥတုဇကလာပ် ၄ - စည်း

(၁) သုဒ္ဓဋ္ဌက (ဥတုဇအဝိနိဗ္ဘောဂ ၈ - ခုအစု)

(၂) သဒ္ဒနဝက (၈ + သဒ္ဒ = ၉ - ခုအစု)

(၃) လဟုတာဒေကာဒသက (၈ + လဟုတာ - ၃ = ၁၁ - ခုအစု)

(၄) သဒ္ဒလဟုတာဒိဒွါဒသက (၂နှင့် ၃ အပေါင်း ၁၂ - ခုအစု)

မှတ်ချက်။ ။သုဒ္ဓဋ္ဌက နှင့် သဒ္ဒနဝက၊ ဤဥတုဇကလာပ် ၂စည်းသည် အဇ္ဈတ္တ (သက်ရှိ) ဗဟိဒ္ဓ (သက်မဲ့) နှစ်မျိုးနှင့်သက်ဆိုင်၏။

### (၄) အာဟာရဇကလာပ် ၂ - စည်း

(၁) သုဒ္ဓဋ္ဌက (အာဟာရဇအဝိနိဗ္ဘောဂ ၈ - ခုအစု)

(၂) လဟုတာဒေကာဒသက (၈ + လဟုတာ = ၁၁ - ခုအစု)

| ရူပကလာပ | ၂၁ - စည်း |
|---|---|
| ကမ္မဇကလာပ် | ၉ |
| စိတ္တဇကလာပ် | ၆ |
| ဥတုဇကလာပ် | ၄ |
| အာဟာရဇကလာပ် | ၂ |
| စုစုပေါင်း = | ၂၁ |

ရူပကလာပ ၂၁ - စည်းကို ရုပ်ပေါင်း ၂၃ မျိုးဖြင့် ဖွဲ့စည်း၏၊ လက္ခဏာရုပ် ၄ - ခု၊ အာကာသဓာတ် ၁ - ခုတို့သည် ရူပကလာပ ဖွဲ့စည်းရာ၌ မပါဝင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် အာကာသဓာတ်သည် ရူပကလာပ ၂ - ခုကို အပိုင်းအခြားပြုသည့် အကြားတစ်ခုမျှသာဖြစ်၏။ လက္ခဏာရုပ်ကား ရုပ်အားလုံး၏အမှတ်လက္ခဏာမျှသာ ဖြစ်၏။ ထို့ကြောင့်ပေတည်း။

## (၆) ရူပပ္ပဝတ္တိက္ကမ
## ဘုံနှင့်သတ္တဝါအလိုက်ရုပ်ဖြစ်စဉ်

### ရုပ်ဖြစ်ရာဘုံများ

သတ္တဝါတို့ဖြစ်ရာ ၃၁ - ဘုံတွင် အရူပ ၄ - ဘုံ၌ ရုပ်လုံးဝမဖြစ်၊ ကျန် ၂၇ - ဘုံ၌ ရုပ်ဖြစ်၏။ ၂၇ - ဘုံကို သုံးစုခွဲ၍ မှတ်ရမည်၊

(၁) ကာမ ၁၁ - ဘုံ၊

(၂) ရူပ ၁၅ - ဘုံ၊

(၃) အသညသတ် ၁ - ဘုံ၊

ကာမဘုံ၌ ရုပ် ၂၈ - မျိုးလုံးဖြစ်နိုင်၏။ ရူပဘုံ၌ ရုပ် ၂၃ မျိုးသာဖြစ်၏။ ယာန၊ ဇိဝှါ၊ ကာယ။ ဣတ္ထိဘာဝ၊ ပုံ့ဘာဝ ရုပ် ၅ - မျိုးမဖြစ်။ အသညသတ်ဘုံ၌ ရုပ် ၁၇ - မျိုးသာဖြစ်၏။ ၁၇ - မျိုးမှာ အဝိနိဗ္ဘောဂရုပ် (၈)ခု၊ ဇီဝိတ ရုပ် (၁) ခု၊ ဝိကာရရုပ် (၃)ခု၊ အာကာသဓာတ် (၁)ခု၊ လက္ခဏရုပ် (၄)ခု၊ ပေါင်း (၁၇) မျိုးသာဖြစ်၏။

သတ္တဝါနှင့်ယောနိ ၄ - ပါး

သတ္တဝါတို့မွေးဖွါးပုံယောနိသည် ၄ - မျိုးရှိ၏။ ထိုယောနိ ၄ - မျိုးအလိုက် သတ္တဝါတို့ကို ၄ - ခုခွဲရ၏။

(၁) အဏ္ဍဇ (အအုဥ်ဖြစ်သောသတ္တဝါ)

(၂) ဇလာဗုဇ(သားအိမ်၌ဖြစ်သောသတ္တဝါ)

(၃) သံသေဒဇ (အစိုဓာတ်၌ဖြစ်သောသတ္တဝါ)

(၄) ဩပပါတိက (ကျရောက်ပေါ်ပေါက်လာသောသတ္တဝါ)

ဘုံနှင့်ယောနိ

(၁) ဘုမ္မစိုးနတ်မှတပါး နတ်ပြဟ္မာဘုံများ နိရယတကိုက ပြိတ္တာနှင့် ငရဲဘုံများ၌ ဩပပါတိက တစ်မျိုးသာ။

(၂) လူဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံများ၌ ယောနိ ၄ - မျိုးလုံးရ၏။

ဘုမ္မစိုးဖြတ်၊ ကြွင်းနတ်နိရယ၊ ငရဲရွာ၊ တစ်သာ ဥပပါတ်၊

အကြွင်းဂတိ၊ လေးယောနိ၊ ရ၏ ပုံသေမှတ်၊

## ကာမဘုံ သတ္တဝါ နှင့် ရုပ်ဖြစ်စဉ်

(၁) ရုပ်တို့၏ဖြစ်ရာအခါကို

(၁) ပဋိသန္ဓိ အခါ

(၂) ပဝတ္တိအခါ ဟု နှစ်မျိုးခွဲခြားမှတ်သားရာ၏။

ထိုတွင် ဘဝတစ်ခု၏အစပြုသည့် ခဏကိုပဋိသန္ဓိအခါဟုမှတ်၊ ပဋိသန္ဓိအခါမှနောက် တစ်ဘဝတာကာလ ဆက်လက်ဖြစ်ပေါ်နေသည့်အခါကို ပဝတ္တိအခါဟုမှတ်။

(၂) သံသေဒဇ နှင့်ဩပပါတိက သတ္တဝါတို့မှာ ပဋိသန္ဓိအခါ၌

(၁) စက္ခုဒသက

(၂) သောတဒသက

(၃) ယာနဒသက

(၄) ဇိဝှါဒသက

(၅) ကာယဒသက

(၆) ဣတ္ထိဘာဝဒသက

(၇) ပုံ့ဘာဝဒသက

(၈) ဝတ္ထုဒသက

ဟူ၍အများဆုံး (ဥက္ကဋ္ဌနည်း) ရူပကလာပ ၈ - စည်း နှင့် ရုပ်ပေါင်း ၇၀ - မျိုး ဖြစ်နိုင်၏။ အနည်းဆုံး ဆိုရပါမူ (၁) ဇိဝှါဒသက (၂) ကာယဒသက (၃) ဝတ္ထုဒသက ၃ - စည်း ရုပ်ပေါင်း ၃၀ - ခုဖြစ်၏။ စက္ခု၊ သောတ၊ ယာန၊ ဘာဝ ဤ (၅)စည်း ရခါမရနိုင်။

(၃) အဣာဓ၊ ဇလာဗုဇ ၂-မျိုးပါသော ဂဗ္ဘသေယျက သတ္တဝါတို့မှာ ပဋိသန္ဓိအခါ၌ (၁) ကာယ၊ (၂) ဘာဝ (ကစ်ရှု)၊(၃) ဝတ္ထုဒသက အားဖြင့်အများဆုံး၃-စည်း ရုပ်ပါ ဘာဝမရသဖြင့်အနည်းဆုံး၂-စည်း ရုပ်ပေါင်း၁၂-ခုသို့မဟုတ် ၁၁-ခု ရနိုင်၏။

(၄) ပဋိသန္ဓိခဏပြီးနောက် ပဝတ္တိအခါမှာ တဖြည်းဖြည်း စက္ခုဒသက စသော ရူပကလာပများ ဖြစ်ကြ၏။

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊
အဗ္ဗုဒါ ဇာယတိ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော၊
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိ စ၊

ပဌမ ရက်ပတ်

ပဌမဆုံး (ပဋိသန္ဓိအခါ၌) ကာယ၊ ဘာဝ၊ ဝတ္ထု ကမ္မဇကလာပ်၃-စည်း ရုပ်ပေါင်း (၃၀)၊ (တုရာပေါင်းလျှင် ရုပ်ပေါင်း ၁၂) ပြိုင်တူဖြစ်ကြ၏။ အဆိုပါ ကမ္မဇကလာပ် ၃-စည်း၊ ရုပ်ပေါင်း (၃၀) သို့မဟုတ် ရုပ် ၁၂-မျိုးကို "ကလလ" ဟု ခေါ်၏။ ဆိပေါက် ကလေးလို အလွန်ကြည်၏။

ဒုတိယ ရက်ပတ်

ရက်သတ္တ တစ်ပတ်ကြာသောအခါ ကလလမှပြောင်းလဲ၍ အဗ္ဗုဒ(အမြှုပ်)ဖြစ်လာ၏။

တတိယ ရက်ပတ်

တတိယ ရက်ပတ်ရောက်သောအခါ အဗ္ဗုဒမှ ပြောင်းလဲ၍ ပေသိ (အနစ်ဖတ်) ဖြစ်လာ၏။

စတုတ္ထ ရက်ပတ်

စတုတ္ထရက်ပတ် ရောက်သောအခါ ပေသိမှ ပြောင်းလဲ၍ ဃန(ကြက်ဥပမာ အလုံးအခဲ) ဖြစ်လာ၏။

ပဉ္စမ ရက်ပတ်

ပဉ္စမ ရက်ပတ်ရောက်သောအခါ ဃနမှ ဦးခေါင်း လက် ၂-ဖက် ၊ ခြေ ၂-ဖက် နေရာများမှာ ပသာခ (ခက်မငါးဖြာ) ပေါ်လာ၏။

ဆဋ္ဌမ ရက်ပတ် မှ ကောဒသမ ရက်ပတ် အထိ

ထိုနောက် ဆဋ္ဌမရက်ပတ်မှစ၍ တဖြည်းဖြည်းရင့်ကျက်ကြီးထွားလာပြီး ရက်သတ္တပတ် ၁၁-ပတ်ကုန်ဆုံးသောအခါ (ကလလမှစ၍ ရက်ပေါင်း ၇၇-ရက်နောက်ပိုင်းမှာ) စက္ခုဒသကစသောရုပ်ကလာပ်စည်းများ ဖြစ်ပေါ်လာကြ၏။ ထိုနောက် ၄၂-ပတ်ခန့်ကြာမှာ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းစသည်များပေါ်လာကြ၏။

ဤသို့လျှင် ကာမဘုံမှ သတ္တဝါများမှာ ပဝတ္တိအခါ၌ ရူပကလာပ ၂၁-စည်း၊ ရုပ်ပေါင်း ၂၈-မျိုး အပြည့်အစုံ ဖြစ်နိုင်၏။

(၁) ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစတင်၍ စိတ်၏ခဏတိုင်းမှာ အသစ်အသစ် တိုးပွါးလျက် ဖြစ်ကြ၏။

(၂) ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီခဏမှစတင်၍ အကြောင်းဥတု၏ဌီခဏတိုင်းမှာ အသစ်အသစ် တိုးတက်ဖြစ်ကြ၏။

(၃) စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောက်ရှိ ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏမှစတင်၍ စိတ်၏ဥပါဒ်ခဏတိုင်းမှာ အသစ်အသစ်တိုးတက်ဖြစ်ကြ၏။

(၄) အာဟာရဇရုပ်တို့သည် စားလိုက်သည့်အစာ၏ ဩဇာဓာတ်ပြန့်နှံ့ချိန်မှ စတင်၍ တိုးတက်ဖြစ်ပေါ်၏။

ဤသို့လျှင် ကာမဘုံ၌ အကြောင်း ၄ မျိုးကြောင့်ဖြစ်သော ရူပကလာပ ဖြစ်စဉ်သည် ဖြစ်ရေစီးပမာ အဆက်ထက်ဆုံး စဉ်ဆက်မပြတ် တလစပ်ဖြစ်၏။

## နောက်ဆုံးအချိန်

လူ့ဘဝနောက်ဆုံးအချိန်ရောက်သည့်အခါ စုတိစိတ်မှ နောက်ပြန်ရေတွက်လျှင် ၁၇-ခုမြောက်စိတ်၏ ဥပါဒ်ခဏမှာ ကမ္မဇရုပ်အသစ် နောက်ဆုံးဖြစ်၏။ ဋီခဏမှစ၍ အသစ်မဖြစ်၊ ဖြစ်ပြီးကမ္မဇရုပ်များသည် စုတိစိတ်၏ ဘင်ခဏမှာ စုတိစိတ်နှင့်ပြိုင်တူချုပ်၏။ ကမ္မဇရုပ်ချုပ်သည်နှင့် စိတ္တဇရုပ် အာဟာရဇရုပ်များလည်း ချုပ်ကြ၏။ ဥတုဇရုပ်ကား ကြွင်းကျန်ရစ်သတည်း။

## ရူပါဝစရဘုံ၌ ရုပ်ဖြစ်စဉ်

ရူပါဝစရဘုံမှ ဗြဟ္မာတို့၏ သန္တာန်မှာ ပဋိသန္ဓေအခါ၌ (၁) ဇီဝိတနဝက ၊ (၂) စက္ခုဒသက၊ (၃) သောတဒသက၊ (၄) ဝတ္ထုဒသက အားဖြင့် ကမ္မဇကလာပ် ၄-စည်း၊ ရုပ်ပေါင်း ၁၂-မျိုးဖြစ်၏။ ပဝတ္တိအခါ၌ စိတ္တဇကလာပ်နှင့် ဥတုဇကလာပ်များဖြစ်ကြ၏။ ဃာန၊ ဇိဝှါ၊ ကာယ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ရုပ်ကလာပ်များ၊ အာဟာရရုပ်မဖြစ်ကြပေ။ ထို့ကြောင့် ရူပါဝစရဘုံ၌ ရုပ်ပေါင်း ၂၃ မျိုးနှင့် ကလာပ်စည်း (၁၄) ခုသာ ဖြစ်နိုင်၏။

## အသညသတ်ဘုံ၌ရုပ်ဖြစ်စဉ်

အသညသတ်ဘုံသည် ရူပက္ခန္ဓာတစ်မျိုးသာ ဖြစ်သောဘုံဖြစ်၍ ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ် (၁) စည်း၊ ရုပ် ၉မျိုးသာဖြစ်၏။ ပဝတ္တိအခါ၌မူ သဒ္ဒနဝကနှင့် လဟုတာဒေကာဒသက ဟူသောဥတုဇ ကလာပ် ၂-စည်းသာရ၏။ ရုပ်ပေါင်း (၁၇) မျိုးသာ ဖြစ်၏။

## နောက်ဆုံးအချိန်

ရူပါဝစရဗြဟ္မာတို့သန္တာန်မှာစုတိစိတ်နှင့်ပြိုင်၍ ရုပ်အားလုံးချုပ်၏၊ အသညသတ်ဗြဟ္မာတို့မှာအသိစိတ်ပေါ် သည်နှင့်တပြိုင်နက် ရုပ်အားလုံးချုပ်၏။

ရူပကဏ္ဍပြီး၏။

# ၂ - စိတ္တုပ္ပါဒကဏ္ဍ

## (၁) စိတ္တဝိဘာဂ (စိတ်ကိုခွဲခြားခြင်း)

### စိတ္တအဓိပ္ပါယ်

ပါဠိဘာသာ "စိတ္တ" ကို မြန်မာဘာသာအားဖြင့် "စိတ်" ဟု ခေါ်၏။ အာရုံကို ဖမ်းယူတတ်သောကြောင့် စိတ်ဟုခေါ်သည်။ စိတ်သည် မည်သည့်အခါမှ အာရုံနှင့်ကင်း၍မဖြစ်၊ အာရုံနှင့်ဆုံစည်းမှုစိတ်ဖြစ်နိုင်၏။

### စိတ်အမျိုးမျိုး

စိတ်မှန်သမျှ အာရုံကိုသိခြင်း သဘာဝလက္ခဏာအားဖြင့် တူကြ၏။ သို့သော် စိတ်ကိုရှုဒေါင့်အမျိုးမျိုးမှကြည့် ၍ အမျိုးမျိုး ခွဲနိုင်၏။

#### နှစ်မျိုးခွဲပုံ

(၁) လောကီယ (လောကသို့ဖြစ်သောစိတ်)

လောကုတ္တရ (လောကမှလွတ်မြောက်သောစိတ်) ဟူ၍ ၂ - မျိုးရှိ၏။ ထိုတွင် လောကီယစိတ် (၈၁) မျိုး၊ လောကုတ္တရစိတ် (၈) မျိုး (အကျယ် ၄၀)၊ ၂ - ရပ်ပေါင်းသော် အကျဉ်း ၈၉၊ အကျယ် ၁၂၁ ဖြစ်၏။

(၂) သဟေတုက (ဟိတ်နှင့်ယှဉ်သောစိတ်)

အဟေတုက (ဟိတ်နှင့်မယှဉ်သောစိတ်) ဟူ၍ ၂ - မျိုးရှိ၏။ ထိုတွင် သဟေတုကစိတ် (၇၁)၊ အဟေတုကစိတ် (၁၈)၊ ၂ - ရပ်ပေါင်းသော် စိတ်ပေါင်း (၈၉) ဖြစ်၏။

#### သုံးမျိုးခွဲပုံ

(၁) ကုသလ (ကုသိုလ်စိတ်)

အကုသလ (အကုသိုလ်စိတ်)

အဗျာကတစိတ် (ကုသိုလ် - အကုသိုလ်မှတပါးသောစိတ်) ဟူ၍ ၃ - မျိုးရှိ၏။ ထိုတွင် ကုသလစိတ် ၂၁၊ အကုသလစိတ် ၁၂၊ အဗျာကတစိတ် ၅၆၊ သုံးမျိုးပေါင်းလတ်သော် စိတ် ၈၉ - မျိုးဖြစ်၏။

#### လေးမျိုးခွဲပုံ

(၁) ဘုံအားဖြင့် ခွဲခြားမှု (ဘူမိဘေဒ)

(၁) ကာမာဝစရ (ကာမဘုံ၌အဖြစ်များသောစိတ်)

(၂) ရူပါဝစရ (ရူပဘုံ၌အဖြစ်များသောစိတ်)

(၃) အရူပါဝစရ (အရူပဘုံ၌အဖြစ်များသောစိတ်)

(၄) လောကုတ္တရ (လောကမှလွတ်မြောက်သောစိတ်) ဟူ၍ ၄ - မျိုးရှိ၏။ ထိုတွင် ကာမာဝစရ စိတ် သည် - ၅၄၊ ရူပါဝစရစိတ် - ၁၅၊ အရူပါဝစရစိတ် - ၁၂၊ လောကုတ္တရစိတ် - ၈၊ အားလုံးပေါင်းသော် စိတ် ၈၉ ဖြစ်၏။

(၂) မျိုးဇာတ်အားဖြင့်ခွဲခြားမှု (ဇာတိဘေဒ)

(၁) ကုသလ (ကုသိုလ်စိတ်)

(၂) အကုသလ (အကုသိုလ်စိတ်)

(၃) ဝိပါက (ဝိပါက်စိတ်)

(၄) ကြိယ (ကြိယာစိတ်) ဟူ၍ ၄ - မျိုးရှိ၏။ ထိုတွင် ကုသိုလ်စိတ် - ၂၁၊ အကုသိုလ် စိတ် - ၁၂၊ ဝိပါက်စိတ် - ၃၆၊ ကြိယာစိတ် - ၂၀၊ အားလုံးပေါင်းသော် စိတ် - ၈၉ ဖြစ်၏။

## ဘုံအားဖြင့်ခွဲခြားပုံအခြေခံဇယား

| | | |
|---|---|---|
| ကာမာဝစရ-၅၄ | အကုသလ -၁၂ | လောဘမူလ-၈ |
| | | ဒေါသမူလ-၂ |
| | | မောဟမူလ-၂ |
| | အဟေတုက -၁၈ | အကုသလဝိပါက-၇ |
| | | ကုသလဝိပါက-၈ |
| | | ကြိယ-၃ |
| | ကာမသောဘန -၂၄ | ကုသလ-၈ |
| | | ဝိပါက-၈ |
| | | ကြိယ-၈ |
| ရူပါဝစရ-၁၅ | | ကုသလ-၅ |
| | | ဝိပါက-၅ |
| | | ကြိယ-၅ |
| အရူပါဝစရ-၁၂ | | ကုသလ-၄ |
| | | ဝိပါက-၄ |
| | | ကြိယ-၄ |
| လောကုတ္တရ-၈/၄၀ | | မဂ္ဂ-၄/၂၀ |
| | | ဖလ-၄/၂၀ |

## မျိုးဇာတ်အားဖြင့် ခွဲခြားပုံ အခြေခံဇယား

| | | | |
|---|---|---|---|
| ကုသလ-၂၁ | | | ကာမာဝစရ -၈ |
| | | | ရူပါဝစရ -၅ |
| | | | အရူပါဝစရ -၄ |
| | | | လောကုတ္တရ -၄ |
| အကုသလ-၁၂ | | | လောဘမူလ -၈ |
| | | | ဒေါသမူလ -၂ |
| | | | မောဟမူလ -၂ |
| ဝိပါက-၃၆ | အကုသလဝိပါက -၇ | | |
| | ကုသလဝိပါက | အဟေတုက -၈ | |
| | | သဟေတုက-၂၁ | သဟေတုကဝိပါက-၈ |
| | | | ရူပါဝစရဝိပါက -၅ |
| | | | အရူပါဝစရဝိပါက -၄ |
| | | | လောကုတ္တရဝိပါက -၄ |
| ကြိယာ-၂၀ | အဟေတုကကြိယ -၃ | | |
| | သဟေတုကကြိယာ-၁၇ | | မဟာကြိယာ -၈ |
| | | | ရူပကြိယာ -၅ |
| | | | အရူပကြိယာ -၄ |

## စိတ်ကို အသေးစိတ်ရေတွက်ပုံ

### မဟာကုသိုလ်စိတ် ၈-ခု

| ဝေဒနာ -၂ | ယောဂ -၂ | သင်္ခါရ -၂ |
|---|---|---|
| သောမနဿသဟဂတ | ဉာဏသမ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| | ဉာဏဝိပ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| ဥပေက္ခာသဟဂတ | ဉာဏသမ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| | ဉာဏဝိပ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |

မှတ်ချက်။ ။ မဟာဝိပါက်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ရေတွက်ပုံတူ၏။

### ရူပါဝစရကုသိုလ်စိတ် -၅-ခု

| ဈာန်အင်္ဂါ | | | | | | ဈာန် |
|---|---|---|---|---|---|---|
| ဝိ | ဝိ | ပီ | သု | ဧ | ၅ | ပဌမဈာန် |
| | ဝိ | ပီ | သု | ဧ | ၄ | ဒုတိယဈာန် |
| | | ပီ | သု | ဧ | ၃ | တတိယဈာန် |
| | | | သု | ဧ | ၂ | စတုတ္ထဈာန် |
| | | | ဥ | ဧ | ၂ | ပဉ္စမဈာန် |

မှတ်ချက်။ ။ ရူပါဝစရဝိပါက် စိတ်၅-ခု၊ ရူပါဝစရကြိယာ စိတ်၅-ခု၊ ရေတွက်ပုံတူ၏။

## အရှုပ်ဝါဒရကုသိုလ် ၄-ခု

| အာရုံ ၄-မျိုး | ရျာန်စိတ် ၄-မျိုး |
|---|---|
| ကောင်းကင်ပညတ် | အာကာသာနဉ္စာယတန |
| ပဌမအာရုပ္ပဝိညာဏ | ဝိညာဏဉ္စာယတန |
| နတ္ထိဘာဝပညတ် | အာကိဉ္စညာယတန |
| တတိယအာရုပ္ပဝိညာဏ | နေဝသညာနာသညာယတန |

မှတ်ချက်။ ။ အရှုပ်ဝါစရဝိပါက်၊ အရှုပ်ဝါစရကြိယာ၊ ရေတွက်ပုံတူ၏။

## လောကုတ္တရာကုသိုလ်စိတ် ၄-ခု

သောတာပတ္တိမဂ္ဂ (၁)
သကဒါဂါမိမဂ္ဂ (၁)
အနာဂါမိမဂ္ဂ (၁)
အရဟတ္တမဂ္ဂ (၁)

ဖိုလ်စိတ် ၄ ပါး ရေတွက်ရာ၌ သောတာပတ္တိဖလ စသည်ရေတွက်ပါ။

## အကုသိုလ်စိတ်ရေတွက်ပုံ

## လောဘမူလစိတ် ၈-ခု

| ဝေဒနာ -၂ | ယောဂ -၂ | သင်္ခါရ -၂ |
|---|---|---|
| သောမနဿသဟဂတ | ဒိဋ္ဌိဂတသမ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| | ဒိဋ္ဌိဂတဝိပ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| ဥပေက္ခာသဟဂတ | ဒိဋ္ဌိဂတသမ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |
| | ဒိဋ္ဌိဂတဝိပ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |

## ဒေါသမူလစိတ် ၂-ခု

| ဝေဒနာ -၁ | ယောဂ -၁ | သင်္ခါရ -၂ |
|---|---|---|
| ဒေါမနဿသဟဂုတ | ပဋိဃသမ္ပယုတ္တ | အသင်္ခါရိက |
| | | သသင်္ခါရိက |

## မောဟမူလစိတ် ၂-ခု

| ဝေဒနာ -၁ | ယောဂ -၂ |
|---|---|
| ဥပေက္ခာသဟဂုတ | ဝိစိကိစ္ဆာသမ္ပယုတ္တ |
| | ဥဒ္ဓစ္စသမ္ပယုတ္တ |

## ဝိပါက်စိတ် ရေတွက်ပုံ

## အကုသလဝိပါက ၇-ခု

| ဝေဒနာ -၂ | နိဿယ -၅ | ကိစ္စ -၂ |
|---|---|---|
| ဥပေက္ခာသဟဂုတ | စက္ခုဝိညာဏ | |
| | သောတဝိညာဏ | |
| | ဃာနဝိညာဏ | |
| | ဇိဝှါဝိညာဏ | |
| ဒုက္ခသဟဂုတ | ကာယဝိညာဏ | |
| ဥပေက္ခာသဟဂုတ | | သမ္ပဋိစ္ဆန |
| | | သန္တီရဏ |

## အဟေတုကကုသလဝိပါက ၈-ခု

| ဝေဒနာ -၃ | နိဿယ -၅ | ကိစ္စ -၂ |
|---|---|---|
| ဥပေက္ခာသဟဂတ | စက္ခုဝိညာဏ | |
| | သောတဝိညာဏ | |
| | ဃာနဝိညာဏ | |
| | ဇိဝှါဝိညာဏ | |
| သုခသဟဂတ | ကာယဝိညာဏ | |
| ဥပေက္ခာသဟဂတ | | သမ္ပဋိစ္ဆန |
| သောမနဿသဟဂတ | | သန္တီရဏ |
| ဥပေက္ခာသဟဂတ | | သန္တီရဏ |

## ကြိယစိတ် ရေတွက်ပုံ

## အဟေတုကကြိယ ၃-ခု

| ဝေဒနာ -၂ | ကိစ္စ -၂ |
|---|---|
| ဥပေက္ခာသဟဂတ | ပဉ္စဒွါရာဝဇ္ဇန |
| | မနောဒွါရာဝဇ္ဇန |
| သောမနဿသဟဂတ | ဟသိတုပ္ပါဒ |

ကျန်ကြိယစိတ် ၁၇-မျိုးကို ဆိုင်ရာကုသိုလ်စိတ်နှင့် တူညီစွာ ရေတွက်အပ်၏။

## ဝေဒနာအားဖြင့် စိတ်တို့ကိုခွဲခြားခြင်း

(၁)

| | | |
|---|---|---|
| (၁) | သုခသဟဂုတ်စိတ် | ၆၃ |
| (၂) | ဒုက္ခသဟဂုတ်စိတ် | ၃ |
| (၃) | အဒုက္ခမသုခသဟဂုတ်စိတ် | ၅၅ |
| | ပေါင်း | ၁၂၁ |

(၂)

| | | |
|---|---|---|
| (၁) | သုခသဟဂုတ်စိတ် | ၁ |
| (၂) | ဒုက္ခသဟဂုတ်စိတ် | ၁ |
| (၃) | သောမနဿသဟဂုတ်စိတ် | ၆၂ |
| (၄) | ဒေါမနဿသဟဂုတ်စိတ် | ၂ |
| (၅) | ဥပေက္ခာသဟဂုတ်စိတ် | ၅၅ |
| | ပေါင်း | ၁၂၁ |

## အသေးစိတ် ရေတွက်ခြင်း

| | | | |
|---|---|---|---|
| (၁) | သုခသဟဂုတ် (၁) | = သုခသဟဂုတ်ကာယဝိညာဏ်စိတ် (၁) | |
| (၂) | ဒုက္ခသဟဂုတ် (၁) | = ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် (၁) | |
| (၃) | သောမနဿသဟဂုတ်စိတ် (၆၂) | = လောဘမူသောမနဿ | (၄) |
| | | = အဟေတုကသောမနဿ | (၂) |
| | | = ကာမာဝစရသောဘနစိတ်မှသောမနဿ | (၁၂) |
| | | = ရူပါဝစရသောမနဿ | (၁၂) |
| | | = လောကုတ္တရသောမနဿ | (၃၂) |
| | | ပေါင်း | ၆၂ |
| (၄) | ဒေါမနဿသဟဂုတ်စိတ် (၂) | = ဒေါသမူလစိတ် (၂) | |
| (၅) | ဥပေက္ခာသဟဂုတ်စိတ် (၅၅) | = အကုသိုလ်စိတ်ဥပေက္ခာ | (၆) |
| | | = အဟေတုကဥပေက္ခာ | (၁၄) |
| | | = ကာမာဝစရသောဘနဥပေက္ခာ | (၁၂) |
| | | = ရူပါဝစရဥပေက္ခာ | (၃) |
| | | = အရူပါဝစရဥပေက္ခာ | (၁၂) |
| | | = လောကုတ္တရဥပေက္ခာ | (၈) |
| | | ပေါင်း | ၅၅ |

မှတ်ချက်။ ။ ဝေဒနာ ၃-မျိုးခွဲရာ၌ သုခသဟဂုတ်စိတ် (၆၃) ကို သုခ . သောမနဿ . နှစ်မျိုးပေါင်း၍ ရေတွက်ပါ။

ဒုက္ခသဟဂုတ်စိတ် (၃) ခုကို ဒုက္ခ . ဒေါမနဿ နှစ်မျိုးပေါင်း၍ ရေတွက်ပါ။

## ဟေတုအားဖြင့် စိတ်တို့ကိုခွဲခြားခြင်း

| | | | |
|---|---|---|---|
| (၁) | အဟေတုကစိတ် | ၁၈ | ၈၉ |
| (၂) | သဟေတုကစိတ် | ၇၁ | |
| | (က) ဧကဟေတုကစိတ် | ၂ | ၇၁ |
| | (ခ) ဒွိဟေတုကစိတ် | ၂၂ | |
| | (ဂ) တိဟေတုကစိတ် | ၄၇ | |

<u>ကေဟေတုကစိတ် (၂) ခုမှာ</u>

. မောဟမူလစိတ် (၂)ခု၊

<u>ဒွိဟေတုကစိတ် (၂၂) ခုမှာ</u>

လောဘမူလစိတ် ၈-ခု ၊ ဒေါသမူလစိတ် ၂-ခု ၊ ကာမာဝစရသောဘနဉာဏဝိပ္ပယုတ်စိတ် ၁၂-ခု၊ စုစုပေါင်း (၂၂) ခုဖြစ်၏။

<u>တိဟေတုကစိတ် (၄၇) ခုမှာ</u>

ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ ရူပါဝစရစိတ် ၁၅-ခု၊ အရူပါဝစရစိတ် ၁၂-ခု၊ လောကုတ္တရစိတ် ၈-ခု၊ စုစုပေါင်း (၄၇) ခုဖြစ်၏။

----------- x ----------

## (၂) စေတသိကဝိဘာဂ (စေတသိက်ကိုခွဲခြားခြင်း)

### စေတသိကအဓိပ္ပါယ်

ပါဠိဘာသာ "စေတသိက" ကို မြန်မာဘာသာအားဖြင့် စေတသိက် ဟုခေါ်၏။ စိတ်၌ဖြစ်သောကြောင့်. စိတ်ကိုမှီ၍ ဖြစ်သောကြောင့်. စေတသိက်မည်၏။ စိတ်ကိုမမှီဘဲ စေတသိက်သည် လုံးဝမဖြစ်နိုင်၊ စိတ်ကို မှီရမှသာ ဖြစ်နိုင်၏။

### စေတသိက်၅၂-မျိုး

စိတ်ကိုစွဲမှီ၍ဖြစ်သော စေတသိက် အမျိုးအစား စုစုပေါင်း ၅၂-မျိုးရှိ၏။ အဆိုပါ ၅၂-မျိုးကို အစုလိုက် မှတ်သားရာ၏။

#### (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက်၇-မျိုး

(စိတ်အားလုံးနှင့် ဆိုင်သောစေတသိက်)

| | | |
|---|---|---|
| (၁) | ဖဿ | (အာရုံကို ထိတွေ့ခြင်း) |
| (၂) | ဝေဒနာ | (အာရုံကို ခံစားခြင်း) |
| (၃) | သညာ | (အာရုံကို မှတ်သားခြင်း) |
| (၄) | စေတနာ | (အာရုံ၌ စိတ်ကို ဆော်ဩခြင်း) |
| (၅) | ဧကဂ္ဂတာ | (စိတ်ကို အာရုံတစ်ခုထည်း၌ ရှိစေခြင်း) |
| (၆) | ဇီဝိတိန္ဒြိယ | (ရှင်သန်အောင် စောင့်ရှောက်မှု၌ ကြီးစိုးခြင်း) |
| (၇) | မနသိကာရ | (စိတ်ကိုအာရုံသို့ ဦးလှည့်ပေးခြင်း) |

#### (၂) ပကိဏ္ဏက စေတသိက် ၆-မျိုး

(အကောင်းအဆိုး ရောထွေးယှက်တင် မျိုးစုံယှဉ်သောစေတသိက်)

| | | |
|---|---|---|
| (၈) | ဝိတက္က | (စိတ်ကူး) |
| (၉) | ဝိစာရ | (ကြံစည်) |
| (၁၀) | အဓိမောက္ခ | (အာရုံ၌မြုပ်ဝင်ဆုံးဖြတ်) |
| (၁၁) | ဝီရိယ | (တက်ကြွလုပ်ဆောင်) |
| (၁၂) | ပီတိ | (နှစ်ခြိုက်-ရွှင်လန်း) |
| (၁၃) | ဆန္ဒ | (ပြုလိုခြင်း၊ ဖြစ်လိုခြင်း) |

#### (၃) အကုသလစေတသိက် ၁၄-မျိုး

| | | |
|---|---|---|
| (၁၄) | မောဟ | (တွေဝေခြင်း) |
| (၁၅) | အဟိရိက | (အရှက်မဲ့ခြင်း) |
| (၁၆) | အနောတ္တပ္ပ | (မကြောက်လန့်ခြင်း) |
| (၁၇) | ဥဒ္ဓစ္စ | (ပျံ့လွင့်ခြင်း) |
| (၁၈) | လောဘ | (လိုချင်တပ်မက်ခြင်း) |
| (၁၉) | ဒိဋ္ဌိ | (အမြင်မှားခြင်း) |
| (၂၀) | မာန | (အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း) |
| (၂၁) | ဒေါသ | (စိတ်ဆိုးခြင်း၊ ကြောက်ရွံ့ခြင်း) |
| (၂၂) | ဣဿာ | (မနာလိုခြင်း) |

## (၂) စေတသိကဝိဘာဂ (စေတသိက်ကိုခွဲခြားခြင်း)

### စေတသိကအဓိပ္ပါယ်

ပါဠိဘာသာ "စေတသိက" ကို မြန်မာဘာသာအားဖြင့် စေတသိက် ဟုခေါ်၏။ စိတ်၌ဖြစ်သောကြောင့်. စိတ်ကိုမှီ၍ ဖြစ်သောကြောင့်. စေတသိက်မည်၏။ စိတ်ကိုမမှီဘဲ စေတသိက်သည် လုံးဝမဖြစ်နိုင်၊ စိတ်ကို မှီရမှသာ ဖြစ်နိုင်၏။

### စေတသိက်၅၂-မျိုး

စိတ်ကိုစွဲမှီ၍ဖြစ်သော စေတသိက် အမျိုးအစား စုစုပေါင်း ၅၂-မျိုးရှိ၏။ အဆိုပါ ၅၂-မျိုးကို အစုလိုက် မှတ်သားရာ၏။

#### (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက်၇-မျိုး

(စိတ်အားလုံးနှင့် ဆိုင်သောစေတသိက်)

| | | |
|---|---|---|
| (၁) | ဖဿ | (အာရုံကို ထိတွေ့ခြင်း) |
| (၂) | ဝေဒနာ | (အာရုံကို ခံစားခြင်း) |
| (၃) | သညာ | (အာရုံကို မှတ်သားခြင်း) |
| (၄) | စေတနာ | (အာရုံ၌ စိတ်ကို ဆော်ဩခြင်း) |
| (၅) | ဧကဂ္ဂတာ | (စိတ်ကို အာရုံတစ်ခုထည်း၌ ရှိစေခြင်း) |
| (၆) | ဇီဝိတိန္ဒြိယ | (ရှင်သန်အောင် စောင့်ရှောက်မှု၌ ကြီးစိုးခြင်း) |
| (၇) | မနသိကာရ | (စိတ်ကိုအာရုံသို့ ဦးလှည့်ပေးခြင်း) |

#### (၂) ပကိဏ္ဏက စေတသိက် ၆-မျိုး

(အကောင်းအဆိုး ရောထွေးယှက်တင် မျိုးစုံယှဉ်သောစေတသိက်)

| | | |
|---|---|---|
| (၈) | ဝိတက္က | (စိတ်ကူး) |
| (၉) | ဝိစာရ | (ကြံစည်) |
| (၁၀) | အဓိမောက္ခ | (အာရုံ၌မြှုပ်ဝင်ဆုံးဖြတ်) |
| (၁၁) | ဝီရိယ | (တက်ကြွလုပ်ဆောင်) |
| (၁၂) | ပီတိ | (နှစ်မြို့က်-ရွှင်လန်း) |
| (၁၃) | ဆန္ဒ | (ပြုလိုခြင်း၊ ဖြစ်လိုခြင်း) |

#### (၃) အကုသလစေတသိက် ၁၄-မျိုး

| | | |
|---|---|---|
| (၁၄) | မောဟ | (တွေဝေခြင်း) |
| (၁၅) | အဟိရိက | (အရှက်မဲ့ခြင်း) |
| (၁၆) | အနောတ္တပ္ပ | (မကြောက်လန့်ခြင်း) |
| (၁၇) | ဥဒ္ဓစ္စ | (ပျံ့လွင့်ခြင်း) |
| (၁၈) | လောဘ | (လိုချင်တပ်မက်ခြင်း) |
| (၁၉) | ဒိဋ္ဌိ | (အမြင်မှားခြင်း) |
| (၂၀) | မာန | (အထင်ကြီးခြင်း၊ ဘဝင်မြင့်ခြင်း) |
| (၂၁) | ဒေါသ | (စိတ်ဆိုးခြင်း၊ ကြောက်ရွံ့ခြင်း) |
| (၂၂) | ဣဿာ | (မနာလိုခြင်း) |

(၂၃) မစ္ဆရိယ (ဝန်တိုခြင်း)
(၂၄) ကုက္ကုစ္စ (နောင်တပူပန်ခြင်း)
(၂၅) ထိန (စိတ်ဆုတ်နစ်ခြင်း)
(၂၆) မိဒ္ဓ (ကာယယိမ်းယိုင်ခြင်း)
(၂၇) ဝိစိကိစ္ဆာ (ယုံမှားခြင်း)

## (၄) သောဘနသာဓာရဏစေတသိက် ၁၉ - မျိုး
### (သောဘနစိတ်အားလုံးနှင့်ဆိုင်သောစေတသိက်)

(၂၈) သဒ္ဓါ (ယုံကြည်ခြင်း၊ ဆုံးဖြတ်ခြင်း)
(၂၉) သတိ (အာရုံစိုက်ခြင်း၊ အမှတ်ရခြင်း)
(၃၀) ဟိရီ (မကောင်းမှုကို ရှက်ခြင်း)
(၃၁) ဩတ္တပ္ပ (မကောင်းမှုကို ကြောက်ခြင်း)
(၃၂) အလောဘ (လောဘကို ဖယ်ရှားခြင်း)
(၃၃) အဒေါသ (ဒေါသကို ဖယ်ရှားခြင်း)
(၃၄) တတြမဇ္ဈတ္တတာ (အလယ်အလတ် တည့်မတ်ခြင်း)
(၃၅) ကာယပဿဒ္ဓိ (ကာယ၏ ငြိမ်းအေးခြင်း)
(၃၆) စိတ္တပဿဒ္ဓိ (စိတ်၏ ငြိမ်းအေးခြင်း)
(၃၇) ကာယလဟုတာ (ကာယ၏ ပေါ့ပါးခြင်း)
(၃၈) စိတ္တလဟုတာ (စိတ်၏ ပေါ့ပါးခြင်း)
(၃၉) ကာယမုဒုတာ (ကာယ၏ နူးညံ့ခြင်း)
(၄၀) စိတ္တမုဒုတာ (စိတ်၏ နူးညံ့ခြင်း)
(၄၁) ကာယကမ္မညတာ(ကာယ၏ စွမ်းဆောင်နိုင်ခြင်း)
(၄၂) စိတ္တကမ္မညတာ (စိတ်၏ စွမ်းဆောင်နိုင်ခြင်း)
(၄၃) ကာယပါဂုညတာ (ကာယ၏ ကျန်းမာခြင်း)
(၄၄) စိတ္တပါဂုညတာ (စိတ်၏ ကျန်းမာခြင်း)
(၄၅) ကာယုဇုကတာ (ကာယ၏ ဖြောင့်မတ်ခြင်း)
(၄၆) စိတ္တုဇုကတာ (စိတ်၏ ဖြောင့်မတ်ခြင်း)

## (၅) ဝိရတိစေတသိက် ၃ - မျိုး

(၄၇) သမ္မာဝါစာ (မှန်ကန်စွာ ပြောဆိုခြင်း)
(၄၈) သမ္မာကမ္မန္တ (မှန်ကန်စွာ ပြုလုပ်ခြင်း)
(၄၉) သမ္မာအာဇီဝ (မှန်ကန်စွာ အသက်မွေးခြင်း)

## (၆) အပ္ပမညာစေတသိက် ၂ - မျိုး

(၅၀) ကရုဏာ (ဒုက္ခရောက်သူကို ကြင်နာသနားခြင်း)
(၅၁) မုဒိတာ (ကြီးပွါးချမ်းသာသူကို ဝမ်းသာခြင်း)

## (၇) ပညာစေတသိက် ၁ - မျိုး

(၅၂) ပညိန္ဒြေ (သိမှုကိစ္စ၌ ကြီးစိုးခြင်း)

## စိတ် စေတသိက် ပေါင်းစပ်၍ဖြစ်ခြင်း

စိတ်နှင့်စေတသိက်တို့သည် မတူညီသော သဘာဝနှင့် ဆောင်ရွက်မှုကိစ္စ ရှိကြ၏။ သို့သော် အာရုံတစ်ခုခုအတွက် စိတ် စေတသိက်တို့ တစ်ခုတည်း ပူးပေါင်းဆောင်ရွက်ကြ၏။ စိတ်တစ်ခုလျှင် အနည်းဆုံး စေတသိက် ၇-ခု၊ အများဆုံး ၃၈-ခုတို့ ပူးပေါင်းလျက်ရှိ၏။ ထိုသို့ ပူးပေါင်းကြရာ၌ သမ္ပယောဂလက္ခဏာ ၄-မျိုးနှင့် အညီဖြစ်၏။

(၁) မှီရာဝတ္ထုတစ်မျိုးတည်းကို မှီခြင်း

(၂) အာရုံတစ်မျိုးတည်းကို ဦးတည်ခြင်း

(၃) တပြိုင်နက် ဖြစ်ခြင်း

(၄) တပြိုင်နက် ချုပ်ငြိမ်းခြင်း

ဤသို့ ပူးပေါင်း၍ အပြန်အလှန် ကျေးဇူးပြုမှု အစွမ်းသတ္တိကို "သမ္ပယုတ္တ ပစ္စယော" ဟု ဟောတော်မူခြင်းဖြစ်၏။

## သမ္ပယောဂနည်း ၁၆-နည်း

စေတသိက်တစ်ခုလျှင် စိတ်ပေါင်းမည်မျှနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်ကို ရှင်းပြသောနည်းကို "သမ္ပယောဂနည်း" ဟု ခေါ်၏။ သမ္ပယောဂနည်းသည် ၁၆-မျိုးရှိ၏။

| | စေတသိက်အမည် | စိတ်အရေအတွက် |
|---|---|---|
| (၁) | သဗ္ဗစိတ္တသာဓာရဏ (၇) | ၈၉ |
| (၂) | ဝိတက္က | ၅၅ |
| (၃) | ဝိစာရ | ၆၆ |
| (၄) | အဓိမောက္ခ | ၇၈ |
| (၅) | ဝီရိယ | ၇၃ |
| (၆) | ပီတိ | ၅၁ |
| (၇) | ဆန္ဒ | ၆၉ |
| (၈) | သဗ္ဗာကုသလသာဓာရဏ(၄) | ၁၂ |
| (၉) | လောဘ | ၈ |
| | ဒိဋ္ဌိ,မာန | ၄ |
| (၁၀) | ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ | ၂ |
| (၁၁) | ထိန,မိဒ္ဓ | ၅ |
| (၁၂) | ဝိစိကိစ္ဆာ | ၁ |
| (၁၃) | သောဘနသာဓာရဏ (၁၉) | ၅၉ |
| (၁၄) | ဝိရတိစေတသိက် (၃) | ၁၆ |
| (၁၅) | အပ္ပမညာစေတသိက် (၂) | ၂၈ |
| (၁၆) | ပညိန္ဒြေ | ၄၇ |

## စေတသိက်နှင့်ယှဉ်သည့် စိတ်၏ကိန်းဂဏန်းများကို ရေတွက်ပုံ

(၁) စိတ် (၈၉) ရေတွက်ပုံသိသာပြီ

(၂) ဝိတက္ကနှင့်ယှဉ်သောစိတ် ၅၅-ခုမှာ-
ဒွေးပဥ္စဝိညာဏ်မှတပါး ကာမာဝစရစိတ် -၄၄၊ ပဌမဈာန်စိတ် -၁၁၊ ပေါင်း -၅၅၊ (ကျန်စိတ် ၆၆ - မျိုးနှင့် မယှဉ်)

(၃) **ဝိစာရနှင့်ယှဉ်သောစိတ် ၆၆-ခုမှာ-**
ဝိတက်နှင့်ယှဉ်သောစိတ် (၅၅)၊ ဒုတိယဈာန်စိတ် (၁၁)၊ ပေါင်း (၆၆)၊ (ကျန်စိတ် ၅၅ မျိုးနှင့် မယှဉ်)

(၄) **အဓိမောက္ခ နှင့်ယှဉ်သောစိတ် ၇၈-ခုမှာ-**
စိတ် (၈၉) -ခုမှ ဝိစိကိစ္ဆာသဟဂုတ်စိတ်နှင့် ဒွေးပဉ္စဝိညာဏ်(၁၀)ကိုဖယ်၊ ကျန်စိတ် ၇၈ -ခု ဖြစ်၏။
(ကျန်စိတ် ၁၁-ခုနှင့် မယှဉ်)

(၅) **ဝီရိယ နှင့် ယှဉ်သောစိတ် ၇၃-ခုမှာ-**
အကုသိုလ်စိတ် (၁၂)၊ မနောဒွါရာဝဇ္ဇန်း(၁)၊ ဟသိတုပ္ပါဒ်(၁)၊ ကာမာဝစရသောဘနစိတ်(၂၄)၊
မဟဂ္ဂုတ်စိတ်(၂၇)၊ လောကုတ္တရစိတ်(၈)၊ ပေါင်း(၇၃)၊ (ကျန်စိတ် ၁၆-ခုနှင့် မယှဉ်)

(၆) **ပီတိ နှင့် ယှဉ်သောစိတ် ၅၁ -ခုမှာ-**
စတုတ္ထဈာန် ၁၁-မှတပါး သောမနဿသဟဂုတ်စိတ် ၅၁-ခု၊ (ကျန်စိတ် ၇၀-နှင့် မယှဉ်)

(၇) **ဆန္ဒနှင့် ယှဉ်သောစိတ် ၆၉-ခုမှာ-**
လောဘမူစိတ်-၈၊ ဒေါသမူစိတ် -၂ သောဘနစိတ်၅၉၊ ပေါင်း ၆၉-ခု၊ (ကျန်စိတ် ၂၀ နှင့် မယှဉ်)

(၈) **သဗ္ဗာကုသလသာဓာရဏ နှင့် ယှဉ်သောစိတ် ၁၂-ခုမှာ-** အကုသိုလ်စိတ် ၁၂-ခု ဖြစ်၏။

(၉) လောဘနှင့် ယှဉ်သောစိတ် ၈-ခုမှာ - လောဘမူစိတ် ၈-ခု ဖြစ်၏။
ဒိဋ္ဌိနှင့် ယှဉ်သောစိတ် ၄-ခုမှာ- ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု ဖြစ်၏။
မာန နှင့် ယှဉ်သောစိတ် ၄-ခုမှာ- ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု ဖြစ်၏။

(၁၀) ဒေါသ စသည် ၄-ခုနှင့် ယှဉ်သောစိတ် ၂-ခုမှာ- ဒေါသမူစိတ် ၂-ခု ဖြစ်၏။

(၁၁) ထိန ,မိဒ္ဓ နှင့် ယှဉ်သောစိတ် ၅-ခုမှာ-
လောဘမူ သသင်္ခါရိကစိတ် ၄၊ ဒေါသမူ သသင်္ခါရိကစိတ် ၁-ခု၊ ပေါင်း ၅-ခုဖြစ်၏။

(၁၂) ဝိစိကိစ္ဆာနှင့် ယှဉ်သောစိတ် ၁-ခုမှာ- ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ခု ဖြစ်၏။

(၁၃) သောဘနသာဓာရဏ ၁၉-ခုနှင့် ယှဉ်သော စိတ် ၅၉-ခုမှာ- သောဘနစိတ် ၅၉-ခု ဖြစ်သည်။

(၁၄) ဝိရတီစေတသိက် ၃-ခုနှင့်ယှဉ်သော စိတ် ၁၆-ခုမှာ -
မဟာကုသိုလ်စိတ် ၈-ခု၊ လောကုတ္တရစိတ် ၈-ခု၊ ပေါင်း ၁၆-ခု ဖြစ်၏။

(၁၅) အပ္ပမညာစေတသိက် ၂-ခုနှင့် ယှဉ်သော စိတ် ၂၈-ခုမှာ-
မဟာကုသိုလ်စိတ် ၈-ခု၊ မဟာကြိယာစိတ် ၈-ခု၊ ပဌမဈာန်စိတ် ၃-ခု၊ ဒုတိယဈာန်စိတ် ၃-ခု၊
တတိယဈာန်စိတ် ၃-ခု၊ စတုတ္ထဈာန်စိတ် ၃-ခု၊ ပေါင်း ၂၈-ခု ဖြစ်၏။

(၁၆) ပညိန္ဒြေနှင့် ယှဉ်သော စိတ် ၄၇-ခုမှာ-
ဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ်စိတ် ၂၇-ခု၊ လောကုတ္တရစိတ် ၈-ခု၊ ပေါင်း ၄၇-ခု ဖြစ်၏။

## သမ္ပယောဂနည်း မှတ်ချက်များ

(၁) ဝိတက်,ဝိစာရ,ပီတိ ဤစေတသိက် ၃-ခုနှင့် ယှဉ်သော စိတ်တို့ကို ရေတွက်ရာ၌ စိတ်အကျယ် ၁၂၁-ခုနှင့် ရေတွက်၏။ အဆိုပါ စေတသိက် ၃-ခုတို့သည် ဈာန်အင်္ဂါတွင် ပါဝင်ကြ၏။ ကျန်စေတသိက်များနှင့် ယှဉ်သောစိတ်တို့ကိုကား စိတ်အကျဉ်း ၈၉-ခုနှင့်သာ ရေတွက်၏။

(၂) မာန,ထိန,မိဒ္ဓ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ပေါင်း အကုသိုလ်စေတသိက် ၆-ခု၊ ဝိရတီစေတသိက် ၃-ခု၊ ကရုဏာ,မုဒိတာ,အပ္ပမညာ စေတသိက် ၂-ခု၊ စုစုပေါင်း ဤစေတသိက် ၁၁-ခုတို့သည် ဆိုင်ရာစိတ်များနှင့် အမြဲမယှဉ်သောကြောင့် "အနိယတယောဂီ" အမည်ရကြ၏။ ကျန်စေတသိက် ၇၈-ခုတို့သည် ဆိုင်ရာစိတ်များနှင့် အမြဲယှဉ်သောကြောင့် "နိယတယောဂီ" မည်၏။

(၃) ဣဿသာ,မစ္ဆရိယ,ကုက္ကုစ္စ ဤစေတသိက် ၃-ခုတို့သည် ဒေါသမူစိတ်နှင့် ယှဉ်ကြသော်လည်း အာရုံမတူသောကြောင့် တပြိုင်တည်း မယှဉ်၊ သီးခြားစီသာ ယှဉ်ကြ၏ (နာနာ)။ ရံခါသာ ယှဉ်ကြ၏ (ကဒါစိ)။

(၄) မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခုနှင့် ယှဉ်သော်လည်း ရံခါသာ ယှဉ်၏ (ကဒါစိ)။

အဆိုပါ စိတ်က သသင်္ခါရိကဖြစ်မှု ထိန မိဒ္ဓနှင့် ရံခါ အတူတကွ ဖြစ်၏ (ကဒါစိ + သဟ)။

အသင်္ခါရိကဖြစ်မှု ထိန မိဒ္ဓနှင့် ရံခါ တခြားစီ ဖြစ်၏ (ကဒါစိ+နာနာ)။

(၅) ထိန မိဒ္ဓ ဤစေတသိက် ၂-ခုသည် အမြဲအတူတကွ ယှဉ်သည်။

## သင်္ဂဟနည်း ၃၃-နည်း

စိတ် ၁-ခုလျှင် စေတသိက်ပေါင်း မည်မျှ ယှဉ်တွဲပါဝင်ကြောင်း ရှင်းပြသောနည်းကို "သင်္ဂဟနည်း" ဟုခေါ်၏။ သင်္ဂဟနည်းသည် ၃၃-မျိုး ရှိ၏။

| | | |
|---|---|---|
| (၁) | အကုသလသင်္ဂဟနည်း | (၇) |
| (၂) | အဟေတုကသင်္ဂဟနည်း | (၄) |
| (၃) | ကာမာဝစရသောဘနသင်္ဂဟနည်း | (၁၂) |
| (၄) | မဟဂ္ဂတသင်္ဂနည်း | (၅) |
| (၅) | လောကုတ္တရသင်္ဂဟနည်း | (၅) |
| | စုစုပေါင်း | (၃၃) |

## အကုသလသင်္ဂဟနည်း-၇

| အကုသလစိတ် (၁၂) | | စေတသိက် |
|---|---|---|
| ၁ | ပဌမ ဒုတိယ အသင်္ခါရိက စိတ်(၂) | ၁၉ |
| ၂ | တတိယ စတုတ္ထ အသင်္ခါရိကစိတ်(၂) | ၁၈ |
| ၃ | ပဉ္စမ အသင်္ခါရိကစိတ်(၁) | ၂၀ |
| ၄ | ပဌမ ဒုတိယ သသင်္ခါရိကစိတ်(၂) | ၂၁ |
| ၅ | တတိယ စတုတ္ထ သသင်္ခါရိကစိတ်(၂) | ၂၀ |
| ၆ | ပဉ္စမ သသင်္ခါရိကစိတ်(၁) | ၂၂ |
| ၇ | ပဌမ ဒုတိယ မောဟမူလစိတ်(၂) | ၁၅ |

(က) အကုသိုလ်စိတ် ၁၂-ခုမှာ စေတသိက်ပေါင်း ၂၇-ခု ဖြစ်နိုင်၏။ အညသမာနစေတသိက် ၁၃-ခု (သင်္ဂဟစိတ္တသာဓရဏ-၇၊ ပကိဏ္ဏက-၆) အကုသလစေတသိက် ၁၄-ခု၊ စုစုပေါင်း ၂၇-ခု။

(ခ) လောဘမူစိတ် ၈-ခုနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်မှာ ၂၂-ခု ရှိ၏။ အညသမာန်-၁၃၊ သဗ္ဗာကုသလသာဓာရဏ-၄၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ထိန၊ မိဒ္ဓ၊ စုစုပေါင်း ၂၂-ခု။

(ဂ) ဒေါသမူစိတ် ၂-ခုနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်မှာ ၂၂-ခု ရှိ၏၊ ပီတိမှတပါး အညသမာန်-၁၂၊ သဗ္ဗာကုသလသာဓာရဏ-၄၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ စုစုပေါင်း ၂၂-ခု။

(ဃ) မောဟမူစိတ် ၂-ခုနှင့် ယှဉ်တွဲဖြစ်နိုင်သော စေတသိက်မှာ ၁၆-ခုရှိ၏၊ ဆန္ဒ ပီတိမှတပါး အညသမာန်-၁၁၊ သဗ္ဗာကုသလသာဓာရဏ-၄၊ ဝိစိကိစ္ဆာ၊ စုစုပေါင်း ၁၆-ခု။

## အကုသလသင်္ဂဟနည်းဇယားအရ စေတသိက်များကို ရေတွက်ခြင်း

(၁) ပဌမ အသင်္ခါရိကစိတ် ၁-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၉-ခုမှာ - အညသမာန်-၁၃၊ သဗ္ဗာကုသလသာဓာရဏ-၄၊ လောဘ၊ ဒိဋ္ဌိ ပေါင်း ၁၉-ခု။
ဒုတိယ အသင်္ခါရိကစိတ် ၁-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၉-ခုမှာ - ဒိဋ္ဌိအစား မာန ထည့်၊ ပေါင်း ၁၉-ခု။

(၂) တတိယ အသင်္ခါရိကစိတ် ၁-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၈-ခုမှာ - ပီတိမှတပါး အညသမာန်-၁၂၊ သဗ္ဗာကုသလ-၄၊ လောဘ၊ ဒိဋ္ဌိ ပေါင်း ၁၈-ခု။
စတုတ္ထ အသင်္ခါရိကစိတ် ၁-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၈-ခုမှာ - ဖော်ပြပါ ၁၈-မှ ဒိဋ္ဌိအစား မာန ထည့်၊ ပေါင်း ၁၈-ခု။

(၃) ပဉ္စမ အသင်္ခါရိကစိတ် ၁-ခု (ဒေါသမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၂၀-မှာ - ပီတိမှတပါး အညသမာန်-၁၂၊ သဗ္ဗာကုသလ-၄၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ပေါင်း ၂၀-ခု။

(၄) ပဌမ ဒုတိယ သသင်္ခါရိကစိတ် ၂-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၂၁-ကို နံပါတ်၁-ပါ ၁၉-ခု၌ ထိန၊ မိဒ္ဓ ၂-ခု ထည့်ပေါင်းသော် ၂၁-ခု ဖြစ်၏။

(၅) တတိယ စတုတ္ထ သသင်္ခါရိကစိတ် ၂-ခု (လောဘမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၂၂-ကို နံပါတ် ၂-ပါ ၁၈-ခု၌ ထိန၊ မိဒ္ဓ ၂-ခု ထည့်ပေါင်းသော် ၂၀-ခု ဖြစ်၏။

(၆) ပဉ္စမ သသင်္ခါရိကစိတ် ၁-ခု (ဒေါသမူ)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၂၂-ကို နံပါတ် ၃-ပါ ၂၀-၌ ထိန၊ မိဒ္ဓ ၂-ခု ထည့်ပေါင်းသော် ၂၂-ခု ဖြစ်၏။

(၇) ပဌမ မောဟမူလ (ဝိစိကိစ္ဆာသမ္ပယုတ်) စိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၅-ခုမှာ - ဆန္ဒ၊ ပီတိ၊ အဓိမောက္ခ မှတပါး အညသမာန်-၁၀၊ သဗ္ဗာကုသလ-၄၊ ဝိစိကိစ္ဆာ၊ ပေါင်း ၁၅-ခု။
ဒုတိယ မောဟမူလ (ဥဒ္ဓစ္စသမ္ပယုတ်) စိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၅-ခုမှာ - ဆန္ဒ ပီတိမှတပါး အညသမာန်-၁၁၊ သဗ္ဗာကုသလ-၄၊ ပေါင်း ၁၅-ခု ဖြစ်၏။

## အဟေတုကသင်္ဂဟနည်း-၄

| အဟေတုကစိတ်(၁၈) | | စေတသိက် |
|---|---|---|
| ၁ | ဟသိတုပ္ပါဒစိတ်(၁) | ၁၂ |
| ၂ | မနောဒွါရာဝဇ္ဇန(ဝေါဋ္ဌပ္ပန) (၁) | ၁၁ |
| | သောမနဿသန္တီရဏ (၁) | |
| ၃ | ပဉ္စဒွါရာဝဇ္ဇန (၁) | ၁၀ |
| | သမ္ပဋိစ္ဆန (၂) | |
| | ဥပေက္ခာသန္တီရဏ (၂) | |
| ၄ | ဒွေပဉ္စဝိညာဏ် (၁၀) | ၇ |

### ဇယားအရ စေတသိက်တို့ကို ရေတွက်ခြင်း

(၁) ဟသိတုပ္ပါဒ်စိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၂-ခုမှာ- ဆန္ဒမှတပါး အညသမာန ၁၂-ခု ဖြစ်၏။

(၂) မနောဒွါရာဝဇ္ဇန(ဝေါဋ္ဌပ္ပန)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၂-ခုမှာ-
ဆန္ဒ ပီတိမှတပါး အညသမာန ၁၁-ခု ဖြစ်၏။
သောမနဿသန္တီရဏစိတ်နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၁-ခုမှာ-
ဆန္ဒ ဝီရိယမှတပါး အညသမာန ၁၁-ခု ဖြစ်၏။

(၃) ပဉ္စဒွါရာဝဇ္ဇန၊ သမ္ပဋိစ္ဆန၊ ဥပေက္ခာ သန္တီရဏစိတ်တို့နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၁၀-ခုမှာ -
ဆန္ဒ၊ ပီတိ၊ ဝီရိယမှတပါး အညသမာန ၁၀-ဖြစ်၏။

(၄) ဒွေပဉ္စဝိညာဏ် ၁၀-နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၇-ခုမှာ - သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ခုဖြစ်၏။

## ကာမာဝစရသောဘန သင်္ဂဟနည်း-၁၂

## မဟာကုသလသင်္ဂဟနည်း-၄

| မဟာကုသလစိတ်(၈) | | စေတသိက် |
|---|---|---|
| ၁ | ပဌမတစ်စုံ(သောမနဿဉာဏသမ္ပယုတ်) | ၃၈ |
| ၂ | ဒုတိယတစ်စုံ(သောမနဿဉာဏဝိပ္ပယုတ်) | ၃၇ |
| ၃ | တတိယတစ်စုံ(ဥပေက္ခာဉာဏသမ္ပယုတ်) | ၃၇ |
| ၄ | စတုတ္ထတစ်စုံ(ဥပေက္ခာဉာဏဝိပ္ပယုတ်) | ၃၆ |

## ဇယားအရ စေတသိက်တို့ကို ရေတွက်ခြင်း

(၁) မဟာကုသလ ပဌမတစ်စုံ(သောမနဿ ဉာဏသမ္ပယုတ်စိတ် ၂-ခု)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၃၈-ခုမှာ အညသမာန-၁၃၊ သောဘဏစေတတသိက်-၂၅၊ စုစုပေါင်း ၃၈-ခု ဖြစ်၏။

(၂) မဟာကုသလ ဒုတိယတစ်စုံ(သောမနဿ ဉာဏဝိပ္ပယုတ်စိတ် ၂-ခု)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၃၇-ခုမှာ အညသမာန-၁၃၊ ပညိန္ဒြေမှ တစ်ပါး သောဘနစေတသိက်-၂၄၊ စုစုပေါင်း ၃၇-ခု ဖြစ်၏။

(၃) မဟာကုသလ တတိယတစ်စုံ (ဥပေက္ခာဉာဏသမ္ပယုတ် ၂-ခု)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၃၇-ခုမှာ ပီတိမှတစ်ပါး အညသမာန-၁၂၊ သောဘနစေတသိက်-၂၅၊ စုစုပေါင်း ၃၇-ခု ဖြစ်၏။

(၄) မဟာကုသလ စတုတ္ထတစ်စုံ (ဥပေက္ခာဉာဏဝိပ္ပယုတ် ၂-ခု)နှင့် ယှဉ်တွဲဖြစ်သော စေတသိက် ၃၆-ခုမှာ ပီတိမှတစ်ပါး အညသမာန-၁၂၊ ပညိန္ဒြေမှ တစ်ပါး သောဘနစေတသိက်-၂၄၊ စုစုပေါင်း ၃၆-ခု ဖြစ်၏။

မှတ်ချက်။ ။ ဥပေက္ခာဖြစ်လျှင် ပီတိ မဖြစ်၊ သောမနဿဖြစ်မှ ပီတိ ဖြစ်၏။
ဉာဏဝိပ္ပယုတ်ဖြစ်လျှင် ပညိန္ဒြေ မဖြစ်၊ ဉာဏသမ္ပယုတ်ဖြစ်မှ ပညိန္ဒြေ ဖြစ်၏။

## မဟာကြိယ သင်္ဂဟနည်း-၄

| မဟာကြိယစိတ် (၈) | | စေတသိက် |
|---|---|---|
| ၁ | ပဌမ တစ်စုံ (သောမနဿ ဉာဏသမ္ပယုတ် ၂) | ၃၅ |
| ၂ | ဒုတိယ တစ်စုံ (သောမနဿ ဉာဏဝိပ္ပယုတ် ၂) | ၃၄ |
| ၃ | တတိယ တစ်စုံ (ဥပေက္ခာဉာဏသမ္ပယုတ် ၂) | ၃၄ |
| ၄ | စတုတ္ထ တစ်စုံ (ဥပေက္ခာဉာဏဝိပ္ပယုတ် ၂) | ၃၃ |

## ဇယားအရ စေတသိက်တို့ကို ရေတွက်ခြင်း

မဟာကြိယစိတ် ၈-ခုလုံး၌ ဝိရတိမဖြစ်နိုင်၍ ဝိရတိ ၃-ခုလျော့ပြီး မဟာကုသလစိတ်၌ စေတသိက်တို့ကို ရေတွက်သလို တွက်ပါ။

## မဟာဝိပါက သင်္ဂဟနည်း-၄

| မဟာဝိပါကစိတ် (၈) | | စေတသိက် |
|---|---|---|
| ၁ | ပဌမ တစ်စုံ (သောမနဿ ဉာဏသမ္ပယုတ် ၂) | ၃၃ |
| ၂ | ဒုတိယ တစ်စုံ (သောမနဿ ဉာဏဝိပ္ပယုတ် ၂) | ၃၂ |
| ၃ | တတိယ တစ်စုံ (ဥပေက္ခာဉာဏသမ္ပယုတ် ၂) | ၃၂ |
| ၄ | စတုတ္ထ တစ်စုံ (ဥပေက္ခာဉာဏဝိပ္ပယုတ် ၂) | ၃၁ |

## ဖယားအရ စေတသိက်တို့ကို ရေတွက်ခြင်း

မဟာဝိပါကစိတ် ၈-ခု၌ ဝိရတိ ၃-ခု၊ အပ္ပမညာ ၂-ခု၊ ပေါင်း စေတသိက် ၅-ခု မဖြစ်နိုင်၍ ၎င်းတို့ကိုလျှော့ပြီး ဖေါ်ပြပါနည်းအတိုင်း ပီတိ ပညိန္ဒြေတို့ကို အတိုးအလျော့လုပ်၍ စေတသိက်တို့ကို ရေတွက်ပါ။

### လောကုတ္တရ သင်္ဂဟနည်း-၅

| လောကုတ္တရစိတ်အကျယ် (၄၀) | | စေတသိက် |
|---|---|---|
| ၁ | ပဌမဈာန်စိတ် (၈) | ၃၆ |
| ၂ | ဒုတိယဈာန်စိတ် (၈) | ၃၅ |
| ၃ | တတိယဈာန်စိတ် (၈) | ၃၄ |
| ၄ | စတုတ္ထဈာန်စိတ် (၈) | ၃၃ |
| ၅ | ပဉ္စမဈာန်စိတ် (၈) | ၃၃ |

လောကုတ္တရစိတ်၌ဖြစ်သော စေတသိက်များကို ရေတွက်ရာ၌ အညသမာန-၁၃၊ သောဘနသာဓာရဏ စေတသိက်-၁၉၊ ဝိရတိ-၃၊ ပညိန္ဒြေ-၁၊ စုစုပေါင်း ၃၆-ခုကို အခြေခံထား၍ ဒုတိယဈာန်၌ ဝိတက်လျှော့၊ တတိယဈာန်၌ ဝိတက် ဝိစာရ ၂-ခုလျှော့၊ စတုတ္ထဈာန်၌ ဝိတက် ဝိစာရ ပီတိ ၃-ခုလျှော့၊ ပဉ္စမဈာန်၌ သုခအစား ဥပေက္ခာ ထည့်၍ ရေတွက်ပါ။

### မဟဂ္ဂုတ သင်္ဂဟနည်း-၅

| မဟဂ္ဂုတ်စိတ် (၂၇) | | စေတသိက် |
|---|---|---|
| ၁ | ပဌမဈာန်စိတ် (၃) | ၃၅ |
| ၂ | ဒုတိယဈာန်စိတ် (၃) | ၃၄ |
| ၃ | တတိယဈာန်စိတ် (၃) | ၃၃ |
| ၄ | စတုတ္ထဈာန်စိတ် (၃) | ၃၂ |
| ၅ | ပဉ္စမဈာန်စိတ် (ရူပ၊ အရူပ) ၁၅ | ၃၀ |

## စေတသိက် ရေတွက်ပုံ

မဟာကုသိုလ်စိတ်၌ဖြစ်သော စေတသိက်များကို ရေတွက်ရာ၌ အညသမာန-၁၃၊ ဝိရတီ ၃-ခုမှတပါး သောဘန စေတသိက်-၂၂၊ စုစုပေါင်း ၃၅-ခုကို အခြေခံထား၍ ဒုတိယရာန်၌ ဝိတက်လျော့၊ တတိယရာန်၌ ဝိတက် ဝိစာရ ၂-ခုလျော့၊ စတုတ္ထရာန်၌ ဝိတက် ဝိစာရ ပီတိ ၃-ခုလျော့၊ ပဉ္စမရာန်၌ ဝိတက် ဝိစာရ ပီတိ အပ္ပမညာ ၅-ခုလျော့၍ ရေတွက်ပါ။

## ဝိသေသက စေတသိက် ၁၀-မျိုး

ဝိသေသက ဆိုသည်မှာ အချို့စေတသိက်များသည် စိတ်အချို့၌ ဖြစ်ပြီး စိတ်အချို့၌ မဖြစ်ခြင်းအားဖြင့် ကွဲပြားခြားနားမှုကို ဖြစ်စေကြ၏။ အဆိုပါ စေတသိက်ကို **"ဝိသေသက စေတသိက်"** ဟု ခေါ်၏။ ဝိသေသက စေတသိက်သည် သောဘနစိတ်များနှင့် ဆက်စပ်၍ ၁၀-ခု ရှိ၏။ ၁၀-ခုမှာ-

(၁) ဝိတက္က
(၂) ဝိစာရ
(၃) ပီတိ
(၄) သုခ
(၅) ဝိရတီ ၃-ခု၊
(၆) အပ္ပမညာ ၂-ခု၊
(၇) ပညိန္ဒြေ
စုစုပေါင်း ၁၀-ခု ရှိ၏။

**စိတ္တုပ္ပါဒကဏ္ဍ ပြီး၏။**

# ၃ – စိတ္တဝီထိ ကဏ္ဍ

စိတ် – ၈၉၊ စေတသိက် ၅၂ – မျိုးတို့သည် ဆိုင်ရာဆိုင်ရာ ယှဉ်တွဲလျက် ပေါင်းစပ်ဖြစ်လာကြ၏။ ထိုတွင် စိတ်သည် ဦးဆောင်လျက် ဖြစ်၏။ စိတ်ဖြစ်မှသာ စေတသိက်များ ဖြစ်နိုင်ကြ၏။ စေတသိက်များသည် စိတ်မဖြစ်ဘဲ ဖြစ်နိုင်စွမ်း မရှိကြ။

စိတ် စေတသိက်တို့သည် သဘာဝအားဖြင့် ထင်ရှားရှိသောကြောင့် အရှိတရား သို့မဟုတ် ပရမတ္ထတရား ဖြစ်၏။ အရှိတရား ပရမတ္ထတရားဖြစ်သောကြောင့် အသိဉာဏ်ဖြင့် သိနိုင်သော သိရသောတရားမျိုး ဖြစ်၏။ သို့သော် အကြောင်းတရားက ထုတ်လုပ်မှသာ ဖြစ်နိုင်သောကြောင့် "အဖြစ်တရား" ဟုလည်း ဆိုရ၏။ "ဝိညာဏံ ပဋိစ္စသမုပ္ပန္နံ" ဟု ဟောတော်မူသည့်အတိုင်း စိတ်မှန်သမျှ အကြောင်းကို စွဲမှီရမှ ဖြစ်၏။ အကြောင်းမရှိဘဲ မဖြစ်နိုင်၊ အကြောင်းတရားတွေ စုပေါင်း ထုတ်လုပ်မှသာ ဖြစ်နိုင်၏။ စည်သံသည် အလိုအလျောက် မမြည်၊ စည်ရယ်၊ စည်တီးတဲ့ဒုတ်၊ စည်တီးသူ အကြောင်း ၃ – ခု ပေါင်းဆုံမှသာ စည်သံထွက်ပေါ်နိုင်၏။ စိတ်သည် အကြောင်းမရှိဘဲ မဖြစ်၊ စိတ်၏မှီရာ ဝတ္ထု၊ စိတ်ဆွဲကိုင်စရာ အာရုံ ဤ ၂ – ခု ဆုံဆည်းမှသာ စိတ်ဖြစ်နိုင်၏။ သို့ဖြစ်ရာ ဤနေရာ၌ (၁) စိတ်၏မှီရာဝတ္ထု၊ (၂) စိတ်၏ဝင်ရာတံခါး၊ (၃) စိတ်ဆွဲကိုင်ရာ အာရုံ၊ (၄) အာရုံနှင့်ဆက်စပ်၍ စိတ်၏လုပ်ဆောင်မှု ကိစ္စများကို မှတ်သားရမည်။

## ၁။ စိတ်၏ မှီရာဝတ္ထု

စိတ်သည် ယေဘုယျအားဖြင့် မှီရာဝတ္ထု တစ်ခုခုကိုမှီ၍ ဖြစ်၏။ စိတ်ဖြစ်ရာ မှီရာဝတ္ထုသည် ၆ – မျိုးရှိ၏။

(၁) စက္ခု ဝတ္ထု (စိတ်၏မှီရာ မျက်စိအကြည်)

(၂) သောတ ဝတ္ထု (စိတ်၏မှီရာ နားအကြည်)

(၃) ဃာန ဝတ္ထု (စိတ်၏မှီရာ နှာခေါင်းအကြည်)

(၄) ဇိဝှါ ဝတ္ထု (စိတ်၏မှီရာ လျှာအကြည်)

(၅) ကာယ ဝတ္ထု (စိတ်၏မှီရာ ကာယအကြည်)

(၆) ဟဒယ ဝတ္ထု (စိတ်၏မှီရာ ဟဒယရုပ်)

## စိတ်နှင့် မှီရာဝတ္ထု

(၁) စက္ခုဝိညာဏ်စိတ် ၂ – ခုသည် စက္ခုဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

(၂) သောတဝိညာဏ်စိတ် ၂ – ခုသည် သောတဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

(၃) ဃာနဝိညာဏ်စိတ် ၂ – ခုသည် ဃာနဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

(၄) ဇိဝှါဝိညာဏ်စိတ် ၂ – ခုသည် ဇိဝှါဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

(၅) ကာယဝိညာဏ်စိတ် ၂ – ခုသည် ကာယဝတ္ထုကို အမြဲမှီ၍ ဖြစ်၏။

(၆) ဒွေပဉ္စဝိညာဏ်စိတ် ၁၀ – ခု၊ အရူပဝိပါက်စိတ် ၄ – ခု၊ ပေါင်း စိတ် ၁၄ – ခုမှတပါး စိတ် ၇၅ – ခုသည် ဟဒယဝတ္ထုကို မှီ၍ဖြစ်၏။ အဆိုပါ စိတ် ၇၅ – ခုတို့တွင် –

(က) ဒေါသမူစိတ် – ၂၊ သမ္ပဋိစ္ဆန – ၂၊ သန္တီရဏ – ၃၊ ပဉ္စဒွါရာဝဇ္ဇန – ၁၊ ဟသိတုပ္ပါဒ – ၁၊ မဟာဝိပါက – ၈၊ ရူပါဝစရစိတ် – ၈၊ သောတာပတ္တိမဂ်စိတ် – ၁၊ ပေါင်း ၃၃ – ခုသော စိတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၏။

(ခ) လောဘမူ – ၈၊ ဒေါသမူ – ၂၊ မနောဒွါရာဝဇ္ဇန – ၁၊ မဟာကုသလ – ၈၊ မဟာကြိယ – ၈၊ အရူပါဝစရ ကုသလ – ၄၊ အရူပါဝစရကြိယ – ၄၊ သောတာပတ္တိမဂ်စိတ်မှတပါး လောကုတ္တရ – ၇၊ စုစုပေါင်း ၄၂ – ခုသော စိတ်တို့သည် ဟဒယဝတ္ထုကို ရံခါ (ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ) မှီ၍ ဖြစ်၏၊ ရံခါ (အရူပဘုံ၌ ဖြစ်သောအခါ) မမှီဘဲ ဖြစ်၏။

(ဂ) အရူပဝိပါကစိတ် ၄ – ခုသည် ဟဒယဝတ္ထုရုပ်ကို လုံးဝ မမှီဘဲ ဖြစ်၏။

## ဘုံနှင့် ဝတ္ထုရုပ်

(၁) ကာမဘုံ၌ ဝတ္ထုရုပ် ၆-မျိုး ဖြစ်၏။

(၂) ရူပဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယမှတပါး ဝတ္ထုရုပ် ၃-မျိုးဖြစ်၏။

(၃) အရူပဘုံ၌ ဝတ္ထုရုပ် ၆-မျိုးလုံး မဖြစ်။

## စိတ်၏ တံခါး

စိတ်သည် အာရုံရှိမှသာ ဖြစ်၏။ အာရုံကင်း၍ စိတ်မဖြစ်နိုင်၊ အာရုံနှင့် ဆက်သွယ်ရန် စိတ်၏ ဝင်ထွက်ရာ တံခါး ၆-ခု ရှိ၏၊ ဒွါရ ၆-မျိုးဟု ခေါ်၏။

| | | |
|---|---|---|
| (၁) | စက္ခုဒွါရ | (စိတ်၏တံခါး မျက်စိအကြည်) |
| (၂) | သောတဒွါရ | (စိတ်၏တံခါး နားအကြည်) |
| (၃) | ဃာနဒွါရ | (စိတ်၏တံခါး နှာခေါင်းအကြည်) |
| (၄) | ဇိဝှါဒွါရ | (စိတ်၏တံခါး လျှာအကြည်) |
| (၅) | ကာယဒွါရ | (စိတ်၏တံခါး ကာယအကြည်) |
| (၆) | မနောဒွါရ | (စိတ်၏တံခါး ဘဝင်စိတ်) |

## စိတ်နှင့် ဒွါရ

(၁) စက္ခု ဝိညာဏ်စိတ် ၂-ခုသည် စက္ခုဒွါရ၌သာ ဖြစ်၏။

(၂) သောတ ဝိညာဏ်စိတ် ၂-ခုသည် သောတဒွါရ၌သာ ဖြစ်၏။

(၃) ဃာန ဝိညာဏ်စိတ် ၂-ခုသည် ဃာနဒွါရ၌သာ ဖြစ်၏။

(၄) ဇိဝှါ ဝိညာဏ်စိတ် ၂-ခုသည် ဇိဝှါဒွါရ၌သာ ဖြစ်၏။

(၅) ကာယ ဝိညာဏ်စိတ် ၂-ခုသည် ကာယဒွါရ၌သာ ဖြစ်၏။

(၆) အပ္ပနာဇော ၂၆-ခုသာ မနောဒွါရ၌သာ ဖြစ်၏။

(၇) ပဉ္စဒွါရာဝဇ္ဇန-၁၊ သမ္ပဋိစ္ဆန-၂ဟု ဆိုအပ်သော မနောဓာတ်စိတ် ၃-ခုသည် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဤ ၅-ဒွါရ၌ ဖြစ်၏။

(၈) သောမနဿ သန္တီရဏ-၁၊ မနောဒွါရာဝဇ္ဇန-၁၊ ကာမဇော-၂၉၊ ပေါင်း ဤ၃၁-မျိုးသောစိတ်တို့သည် ၆-ဒွါရ၌ အမြဲဖြစ်၏။

(၉) ဥပေက္ခာ သန္တီရဏ-၂၊ မဟာဝိပါက-၈၊ ဤစိတ် ၁၀-ခုတို့သည် ၆-ဒွါရ၌ ရံခါသာ ဖြစ်ကြ၏။

(၁၀) မဟဂ္ဂုတ် ဝိပါကစိတ် ၉-ခုတို့သည် ဒွါရ၌ မည်သည့်အခါမှ မဖြစ်၍ ၆-ဒွါရမှ အမြဲ လွတ်ကြသည်၊ "ဒွါရ ဝိမုတ်စိတ်" ဟု ခေါ်၏။

## ဒွါရ ၆ - ခုနှင့် ဖြစ်နိုင်သည့်စိတ်များ

| | | သီးသန့်စိတ် | ဖြစ်နိုင်စိတ် | ပေါင်း |
|---|---|---|---|---|
| ၁ | စက္ခုဒွါရ | ၂ | ၄၄ | ၄၆ |
| ၂ | သောတဒွါရ | ၂ | ၄၄ | ၄၆ |
| ၃ | ဃာနဒွါရ | ၂ | ၄၄ | ၄၆ |
| ၄ | ဇိဝှါဒွါရ | ၂ | ၄၄ | ၄၆ |
| ၅ | ကာယဒွါရ | ၂ | ၄၄ | ၄၆ |
| ၆ | မနောဒွါရ | ၃၁ | ၃၆ | ၆၇ |

မှတ်ချက်

(၁) စက္ခုဝိညာဏ်စိတ် ၂-ခုသည် စက္ခုဒွါရ၌သာဖြစ်၍ စက္ခုဒွါရ သီးသန့်စိတ် ဖြစ်၏၊ ပဥ္စဒွါရာဝဇ္ဇန - ၁၊ သမ္ပဋိစ္ဆန - ၁၊ သန္တီရဏ - ၃၊ ဝေါဋ္ဌပ္ပန (မနောဒွါရာဝဇ္ဇန) - ၁၊ ကာမဇဝန - ၂၉၊ တဒါရမ္မဏ(မဟာဝိပါက) - ၈၊ ပေါင်း ၄၄ - ခုသည် စက္ခုဒွါရ၌ ဖြစ်နိုင်၏။ (၂-ရပ်ပေါင်းသော် ၄၆ - ခု ဖြစ်၏)

(၂) ဤနည်းကိုကြည့်၍ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဒွါရများ၌ မှတ်ပါ။

(၃) မနောဒွါရာဝဇ္ဇန - ၁၊ ဇဝန(ဇော) ၅၅၊ တဒါရမ္မဏ - ၁၁၊ ပေါင်း ဤ ၆၇ - ခုသော စိတ်တို့သည် မနောဒွါရ၌ ဖြစ်ကြ၏။

(၄) အဆိုပါ ၆၇ - မှ မနောဒွါရ သီးသန့်စိတ် - ၃၁၊ မနောဒွါရ၌ ဖြစ်နိုင်သောစိတ် ၃၆ - ခုတို့ ခွဲထုတ် မှတ်သားရာ၏။

## စိတ်၏ အာရုံ

စိတ်သည် အာရုံနှင့်ကင်း၍ မဖြစ်၊ စိတ်၏ လာရောက်ပျော်မွေ့ရာ, ကျက်စားရာ အာရုံသည် ၆ - မျိုးရှိ၏။

(၁) ရူပါရမ္မဏ (အဆင်းအာရုံ)
(၂) သဒ္ဒါရမ္မဏ (အသံအာရုံ)
(၃) ဂန္ဓာရမ္မဏ (အနံ့အာရုံ)
(၄) ရသာရမ္မဏ (အရသာအာရုံ)
(၅) ဖောဋ္ဌဗ္ဗာရမ္မဏ (အထိအတွေ့အာရုံ)
(၆) ဓမ္မာရမ္မဏ (ဤမှကြွင်းကျန်သည့် စိတ်ဖြင့်သိရသမျှ အာရုံများ)

## ဓမ္မာရမ္မဏ ၆ - မျိုး

(၁) ပသာဒရုပ် ၅
(၂) သုခုမရုပ် ၁၆
(၃) စိတ် ၈၉
(၄) စေတသိက် ၅၂
(၅) နိဗ္ဗာန
(၆) ပညတ်

## စိတ်နှင့် အာရုံ

(၁) စက္ခုဒွါရ၌ ဖြစ်သော စိတ်၄၆-ခုသည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြု၍ ဖြစ်၏။
(၂) သောတဒွါရ၌ ဖြစ်သော စိတ်၄၆-ခုသည် ပစ္စုပ္ပန်ဖြစ်သော သဒ္ဒါရုံကို အာရုံပြု၍ ဖြစ်၏။
(၃) ဃာနဒွါရ၌ ဖြစ်သော စိတ်၄၆-ခုသည် ပစ္စုပ္ပန်ဖြစ်သော ဂန္ဓာရုံကို အာရုံပြု၍ ဖြစ်၏။
(၄) ဇိဝှါဒွါရ၌ ဖြစ်သော စိတ်၄၆-ခုသည် ပစ္စုပ္ပန်ဖြစ်သော ရသာရုံကို အာရုံပြု၍ ဖြစ်၏။
(၅) ကာယဒွါရ၌ ဖြစ်သော စိတ်၄၆-ခုသည် ပစ္စုပ္ပန်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်၏။
(၆) မနောဒွါရ၌ ဖြစ်သော စိတ် ၆၇-ခုသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ၆-မျိုး ထိုက်သင့်သလို အာရုံပြု၍ ဖြစ်၏။

## အာရုံနှင့် စိတ်

| | အာရုံအမျိုးအစား | သီးသန့်စိတ် | အများဆိုင် |
|---|---|---|---|
| ၁ | ကာမ | ၂၅ | ၃၁ |
| ၂ | မဟဂ္ဂုတ | ၆ | ၃၁ |
| ၃ | ပညတ္တိ | ၂၁ | ၃၁ |
| ၄ | နိဗ္ဗာန | ၈ | ၁၁ |

(၁) ကာမအာရုံကိုသာ ကေန်အာရုံပြုသောစိတ် ၂၅-မျိုး- ကာမဝိပါက-၂၃၊ ပဉ္စဒွါရာဝဇ္ဇန-၁၊ ဟသိတုပ္ပါဒ-၁၊ ပေါင်း ၂၅။
(၂) မဟဂ္ဂုတအာရုံ (အာကာသာနဉ္စာယတနစိတ်-၃၊ အာကိဉ္စညာယတနစိတ်-၃)ကိုသာ ကေန်အာရုံပြုသော စိတ် ၆-မျိုး- ဝိညာဏဉ္စာယတနစိတ်-၃၊ နေဝသညာနာသညာယတနစိတ်-၃၊ ပေါင်း ၆-ခု။
(၃) ပညတ္တိ (ကသိုဏ်း-၁၀၊ အသုဘ-၁၀၊ အာနာပါန-၁၊ ကာယဂတာသတိ-၁၊ မေတ္တာသတ္တဝါ-၁၊ ဒုက္ခိတ-၁၊ သုခိတ-၁၊ ဥပေက္ခာသတ္တဝါ-၁၁၊ ကောင်းကင်ပညတ်၊ နတ္ထိဘာဝပညတ်) အာရုံကိုသာ ကေန်အာရုံပြုသောစိတ် ၂၁-မျိုး- အဘိညာဉ်၂-မှတပါး ရူပါဝစရစိတ်-၁၅၊ အာကာသာနဉ္စာယတန စိတ်-၃၊ အာကိဉ္စညာယတနစိတ်-၃၊ ပေါင်း ၂၁။
(၄) ကာမ၊ မဟဂ္ဂုတ၊ ပညတ္တိအာရုံများကို အာရုံပြုနိုင်သော စိတ် ၃၁-မျိုး- အကုသိုလ်စိတ်-၁၂၊ မနောဒွါရာဝဇ္ဇန-၁၊ မဟာကုသိုလ်စိတ်-၈၊ မဟာကြိယစိတ်-၈၊ အဘိညာဉ်စိတ်-၂၊ ပေါင်း ၃၁။
(၅) နိဗ္ဗာန်ကိုသာ ကေန်အာရုံပြုသော သီးသန့်စိတ် ၈-မျိုး- လောကုတ္တရာစိတ် ၈-ခု။
(၆) နိဗ္ဗာန်ကို အနေကန်အာရုံပြုသော စိတ် ၁၁-မျိုး- မဟာကုသလဉာဏသမ္ပယုတ်-၄၊ မဟာကြိယဉာဏသမ္ပယုတ်-၄၊ အဘိညာဉ်စိတ်-၂၊ မနောဒွါရာဝဇ္ဇန-၁၊ ပေါင်း ၁၁။

==== x x ====

## စိတ်၏ ကိစ္စနှင့် ဌာန

စိတ်သည် အာရုံရလိုက်သည်နှင့် တပြိုင်နက် မိမိလုပ်ဆောင်ရမည့် ကိစ္စကို ချက်ချင်း ပြုလုပ်သည်၊ ပြုလုပ်ပြီးသည်နှင့် တပြိုင်နက် ချုပ်ငြိမ်းသွား၏၊ စိတ်တစ်ခု၏ သက်တမ်းသည် အလွန်တို၏။ မိမိ၏ သက်တမ်းကာလအတွင်း မိမိ၏ အလုပ်ကိစ္စကို ပြီးစီးအောင် လုပ်၏။

စိတ်၏ အလုပ်ကိစ္စသည် ၁၄ - မျိုးရှိ၏ -

| | | |
|---|---|---|
| (၁) | ပဋိသန္ဓိကိစ္စ | (ပြန်လည်ဆက်စပ်ခြင်း၊ ဘဝစခြင်း) |
| (၂) | ဘဝင်ကိစ္စ | (ဘဝကို ဆက်လက်ဖြစ်စေခြင်း) |
| (၃) | အာဝဇ္ဇန ကိစ္စ | (အာရုံအသစ်ကို ဝင်ရောက်စေခြင်း) |
| (၄) | ဒဿန ကိစ္စ | (အဆင်းအာရုံကို မြင်ခြင်း) |
| (၅) | သဝန ကိစ္စ | (အသံကို ကြားခြင်း) |
| (၆) | ဃာယန ကိစ္စ | (အနံ့ကို နမ်းရှူခြင်း) |
| (၇) | သာယန ကိစ္စ | (အရသာကို လျက်ခြင်း) |
| (၈) | ဖုသန ကိစ္စ | (အထိအတွေ့ကို ထိတွေ့ခြင်း) |
| (၉) | သမ္ပဋိစ္ဆန ကိစ္စ | (အာရုံကို လက်ခံခြင်း) |
| (၁၀) | သန္တီရဏ ကိစ္စ | (အာရုံကို စုံစမ်းခြင်း) |
| (၁၁) | ဝေါဋ္ဌဗ္ဗန ကိစ္စ | (အာရုံကို ဆုံးဖြတ်ခြင်း) |
| (၁၂) | ဇဝန ကိစ္စ | (အာရုံ၌ အရှိန်အဟုန်ဖြင့် ဖြစ်ခြင်း) |
| (၁၃) | တဒါရမ္မဏကိစ္စ | (ဇဝန၏ အာရုံကို ဆက်ခံခြင်း) |
| (၁၄) | စုတိကိစ္စ | (ဘဝတစ်ခုမှ လျှောကျခြင်း) |

စိတ်သည် မိမိ၏ကိစ္စ လုပ်ဆောင်ရာ၌ အလုပ်ကိစ္စကို လုပ်ဆောင်ရမည့် ဌာန၌သာ လုပ်ဆောင်၏၊ အခြားဌာန၌ လုပ်ဆောင်ခြင်းမရှိ၊ စိတ်၏ လုပ်ဆောင်ရာဌာနသည် ၁၀ - မျိုးရှိ၏။

(၁) ပဋိသန္ဓိဌာန
(၂) ဘဝင်ဌာန
(၃) အာဝဇ္ဇနဌာန
(၄) ပဥ္စဝိညာဏဌာန
(၅) သမ္ပဋိစ္ဆနဌာန
(၆) သန္တီရဏဌာန
(၇) ဝေါဋ္ဌဗ္ဗန ဌာန
(၈) ဇဝန ဌာန
(၉) တဒါရမ္မဏဌာန
(၁၀) စုတိဌာန

## ကိစ္စနှင့် လုပ်ဆောင်သည့်စိတ်

(၁) ပဋိသန္ဓိ၊ ဘဝင်၊ စုတိ၊ ဤကိစ္စ ၃ - မျိုးကို လုပ်ဆောင်သည့်စိတ် ၁၉ - ခုမှာ -
ဥပေက္ခာ သန္တီရဏ - ၂၊ မဟာဝိပါက - ၈၊ မဟဂ္ဂုတ်ဝိပါက - ၉၊ ပေါင်း ၁၉ - ခု။

(၂) အာဝဇ္ဇန ကိစ္စကို လုပ်ဆောင်သည့် စိတ် ၂ - ခုမှာ -
ပဉ္စဒွါရာဝဇ္ဇန - ၁၊ မနောဒွါရာဝဇ္ဇန - ၁၊ ပေါင်း ၂ - ခု။

(၃) ဒဿနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
စက္ခုဝိညာဏ်စိတ် ၂-ခု။
(၄) သဝနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
သောတဝိညာဏ်စိတ် ၂-ခု။
(၅) ဃာယနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
ဃာနဝိညာဏ်စိတ် ၂-ခု။
(၆) သာယနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
ဇိဝှါဝိညာဏ်စိတ် ၂-ခု။
(၇) ဖုသနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
ကာယဝိညာဏ်စိတ် ၂-ခု။
(၈) သမ္ပဋိစ္ဆနကိစ္စကို လုပ်ဆောင်သည့် စိတ် ၂-ခုမှာ-
သမ္ပဋိစ္ဆနစိတ် ၂-ခု။
(၉) သန္တီရဏကိစ္စကို လုပ်ဆောင်သည့် စိတ် ၃-ခုမှာ-
သန္တီရဏစိတ် ၃-ခု။
(၁၀) ဝေါဋ္ဌပ္ပနကိစ္စကို လုပ်ဆောင်သည့် စိတ် ၁-ခုမှာ-
မနောဒွါရာဝဇ္ဇနစိတ် ၁-ခု။
(၁၁) ဇဝနကိစ္စကို လုပ်ဆောင်သည့် စိတ် ၅၅-ခုမှာ-
အကုသလ-၁၂၊ ဟသိတုပ္ပါဒစိတ်-၁၊ မဟာကုသလ-၈၊ မဟာကြိယ-၈၊ မဟဂ္ဂတကုသလ-၉၊
မဟဂ္ဂတကြိယ-၉၊ လောကုတ္တရစိတ်-၈၊ ပေါင်း ၅၅-ခု။
(၁၂) တဒါရမ္မဏကိစ္စကို လုပ်ဆောင်သည့် စိတ် ၁၁-ခုမှာ-
သန္တီရဏစိတ် ၃-ခု၊ မဟာဝိပါက-၈၊ ပေါင်း ၁၁-ခု။

## ကိစ္စနှင့် စိတ်အရေအတွက်

| | ကိစ္စအရေအတွက် | စိတ်အရေအတွက် |
|---|---|---|
| ၁ | ကိစ္စ ၁-မျိုး | ၆၈ |
| ၂ | ကိစ္စ ၂-မျိုး | ၂ |
| ၃ | ကိစ္စ ၃-မျိုး | ၉ |
| ၄ | ကိစ္စ ၄-မျိုး | ၈ |
| ၅ | ကိစ္စ ၅-မျိုး | ၂ |

မှတ်ချက်။ ။ ကိစ္စအရေအတွက် စိတ်အရေအတွက်ကို "ကိစ္စနှင့် လုပ်ဆောင်သည့်စိတ်" ခေါင်းစီးအောက်ရှိ အရေအတွက်များကို ကြည့်၍ သိနိုင်၏။

## စိတ်ဖြစ်စဉ်

အာရုံတစ်မျိုးနှင့် ဝတ္ထုရုပ် တစ်မျိုးမျိုးတို့ ဆုံဆည်းထင်ဟပ် ရိက်ခတ်လာသည့်အခါ ကံ၏အစွမ်းဖြင့် ထင်ဟပ်နေသည့် အာရုံကို စွဲမှီ၍ ကံအစွမ်းကြောင့် ဖြစ်ပေါ်လာသော ဘဝင်စိတ်သည် ပြတ်တောက်သွား၏၊ အသစ်ပေါ်လာသည့် အာရုံကို စွဲမှီလျက် ထိုအာရုံနှင့် အလုပ်လုပ်သည့် ဝီထိစိတ်များ ဖြစ်ပေါ်လာ၏။ ထိုသို့ ဖြစ်ပေါ်လာပုံကို ဤသို့ သိသာရုံ ပြမည်။

မျက်စိနှင့် အဆင်း အာရုံ စတင် ဆုံမိချိန်၌-

(၁) အတီတဘဝင်
(၂) ဘဝင်စလန
(၃) ဘဝင်ုပစ္ဆေဒ
(၄) ပဉ္စဒွါရာဝဇ္ဇန
(၅) စက္ခုဝိညာဏ
(၆) သမ္ပဋိစ္ဆန
(၇) သန္တီရဏ
(၈) ဝေါဋ္ဌဗ္ဗန
(၉) ဇဝန
(၁၀) ဇဝန
(၁၁) ဇဝန
(၁၂) ဇဝန
(၁၃) ဇဝန
(၁၄) ဇဝန
(၁၅) ဇဝန
(၁၆) တဒါရမ္မဏ
(၁၇) တဒါရမ္မဏ

အဆင်းအာရုံ၏ သက်တမ်းသည် စိတ္တက္ခဏ ၁၇ - ခက်စေ့၍ ဒုတိယ တဒါရမ္မဏစိတ်နှင့် ပြိုင်တူချုပ်၏။
အဆိုပါ အဆင်းအာရုံကို ပြန်လည် စဉ်းစားရာ၌-

(၁) ဘဝင်စလန
(၂) ဘဝင်ုပစ္ဆေဒ
(၃) မနောဒွါရာဝဇ္ဇန
(၄) ဇဝန
(၅) ဇဝန
(၆) ဇဝန
(၇) ဇဝန
(၈) ဇဝန
(၉) ဇဝန
(၁၀) ဇဝန
(၁၁) တဒါရမ္မဏ
(၁၂) တဒါရမ္မဏ